မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၇ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ်(၂၂၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေပြဋ္ဌာန်း — ဥပဒေ — စာ ၃

ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများ ဖွင့်လှစ်ကြောင်းကြေညာ — ပြည်တွင်းသတင်း — စာ ၂

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အေဂျင်စီများမှ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခဲ့မှုအပေါ် အခွန်စည်းကြပ်မှုခံယူကြရန် အသိပေးကြေညာချက် — ပြည်တွင်းသတင်း — စာ ၇

ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက် — ပြည်တွင်းသတင်း — စာ ၉

ပညာရှိသတိဖြစ်ခဲမို့ အကြံပေးဆိုသူကြီးကို အကြံပေးလိုက်ချင်တာက ... — ဆောင်းပါး — စာ ၁၀

ယူရေနီယံသန့်စင်ရေး စက်ရုံများကို အီရန် ဖျက်သိမ်းသွားမည်မဟုတ်ဟု ဆို — နိုင်ငံတကာသတင်း — စာ ၁၄

မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့် မြိတ်ကျွန်းစုတွင် မွေးမြူထုတ်လုပ်သော ပနားမီးပုစွန်ဖြူတို့ ဈေးကောင်းရရှိနေပြီး ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့လျက်ရှိ

ရန်ကုန် မေ ၁၆

မြန်မာ့ရေသယံဇာတ ထွက်ကုန်များကို ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေရရှိရန် ထုတ်လုပ်တင်ပို့လျက်ရှိရာ ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ရေငန်တိုက်ဂါးပုစွန်များ ပြည်ပပို့ကုန်အဖြစ် ဈေးကောင်းရနေကြောင်း ကြည့်မြင့်တိုင်စံပြငါးဈေး MNG ကုမ္ပဏီမှ သိရသည်။

"ပင်လယ်ပြင်ကရတဲ့ပုစွန်ထဲမှာ တိုက်ဂါးပုစွန်ဟာ ပြည်ပဈေးကွက်မှာ ဈေးကောင်းရရှိတဲ့ ရေထွက်ကုန်ဆိုရင်လည်း မမှားပါဘူး။ ပြည်တွင်းမှာတော့ မရောင်းဘူး။ စက်လှေကချရင် ဒိုင်တွေက ကီလိုဈေးနဲ့ဝယ်ပြီး ပြည်ပကိုပို့ဖို့ ပိဿာပြန်ဖွဲ့ပြီးတော့ တစ်ပိဿာကို ကျပ်နှစ်သိန်းနီးပါးဈေးနဲ့ တင်ပို့ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ✻

ပင်လယ်ပြင်ငါးဖမ်းရေယာဉ်များ ဆိုက်ကပ်ထားမှုကို တွေ့ရစဉ်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ရွှေတိဂုံစေတီတော်နှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်လေ့လာ

ပြည်တွင်းသတင်း — စာ ၆

ပြည်ပမှ ဝယ်ယူရသည့် စက်သုံးဆီဈေးနှုန်းကျဆင်းသဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းကျဆင်းလျက်ရှိ

နေပြည်တော် မေ ၁၆

ပြည်တွင်းနိုင်ငံခြားသုံးငွေလဲလှယ်မှုနှုန်းထားများ တည်ငြိမ်လျက်ရှိပြီး ပြည်ပမှ ဝယ်ယူရသည့် စက်သုံးဆီဈေးနှုန်း ကျဆင်းလျက်ရှိသဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည်လည်း ကျဆင်းလျက်ရှိပြီး လိုအပ်သလောက် အလွယ်တကူဝယ်ယူသုံးစွဲနိုင်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းစက်သုံးဆီဈေးနှုန်းသည် ပြည်တွင်းနိုင်ငံခြားသုံး ငွေလဲလှယ်မှုနှုန်းထားများနှင့် ပြည်ပမှဝယ်ယူရသည့် အာရှပစိဖိတ်ဒေသအတွက် စင်ကာပူအခြေစိုက် နေ့စဉ်ပျမ်းမျှ စက်သုံးဆီဈေးနှုန်းအပေါ်တွင်အခြေခံပြီး လက်ရှိတွင် ပြည်တွင်း နိုင်ငံခြားသုံး ငွေလဲလှယ်မှုနှုန်းထားများ

စာမျက်နှာ ၅ ကော်လံ ၅ ❖

မူးယစ်ဆေးဝါးနှင့်အတူ အကြမ်းဖက်ကိုလည်း တိုက်ဖျက်

မိမိတို့နိုင်ငံတွင် တိုင်းရင်းသာအမည်ခံ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းအချို့နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သယ်ဆောင်ရောင်းချခြင်းလုပ်ငန်းကို ခွဲခြား၍မရအောင် ဆက်စပ်လျက်ရှိသည်ကို နိုင်ငံတကာက သိရှိထားကြသည်။ ၎င်းလက်နက်ကိုင် သောင်းကျန်းသူတို့ ထိန်းချုပ်လှုပ်ရှားရာနယ်မြေများတွင် ဓာတ်ခွဲခန်းများ၊ အလုပ်ရုံများ တည်ဆောက်ကာ မူးယစ်ဆေးဝါးအမျိုးမျိုးကို ထုတ်လုပ်ကြပြီး ပြည်တွင်းလမ်းကြောင်းများမှ တစ်ဆင့် သယ်ဆောင်၍ ပြည်ပနိုင်ငံများသို့ ရေကြောင်း၊ ကုန်းကြောင်းခရီးများဖြင့် ထပ်ဆင့်သယ်ဆောင်ရောင်းချကြခြင်း ဖြစ်သည်။

ခေတ်အဆက်ဆက် မြန်မာနိုင်ငံ အစိုးရတို့အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြစေကာမူ အမြစ်ပြတ်သွားသည်ဟူ၍ မရှိ။ ခေတ်များ ပြောင်းလဲခဲ့သလို မူးယစ်ဆေးဝါးများမှာလည်း ဘိန်းကိုအခြေခံသည့် မူးယစ်ဆေးဝါးမှသည် ဓာတုပစ္စည်းများကို အခြေခံသည့် မူးယစ်ဆေးဝါးများအဖြစ်သို့ ပြောင်းလဲကာ ဆက်လက်သက်ဆိုးရှည်ခဲ့သည်။ မူးယစ်ဆေးဝါးလုပ်ငန်းသည် တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့အစည်းအချို့၏ အဓိကဝင်ငွေရလမ်းဖြစ်နေခြင်းက မူးယစ်ဆေးဝါး ပပျောက်မသွားရခြင်း၏ အဓိကအကြောင်းရင်းပင်ဖြစ်သည်။ မူးယစ်ဆေးဝါးလုပ်ငန်းတွင် နောက်ဆုံးပါဝင်လာသည့်အဖွဲ့မှာ လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကာလက ဖွဲ့စည်းတည်ထောင်လာသည့် AA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ဖြစ်ပြီး မကြာခဏ ဖမ်းဆီးရမိနေသည့် အထောက်အထားများအရ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းကို ပမာဏအများဆုံး၊ အင်အားအကြီးဆုံး ပြုလုပ်နေခြင်းဖြစ်သည်ဟု ဆိုနိုင်ဖွယ်ရှိသည်။

ယခုနောက်ဆုံး AA သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါးပမာဏများပြားစွာ သယ်ဆောင်ရောင်းချသည့် ဖြစ်စဉ်တွင် တရားခံ ၂၆ ဦးကို အိုက်စ်မူးယစ်ဆေးဝါး ၄၀၉၃ ကီလိုဂရမ်၊ ကက်တမင်း ၃၀၀၀ ကီလိုဂရမ် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၈၂ ဒသမ ၃၂၅ဘီလီယံခန့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ မူးယစ်ဆေးဝါးများကို သင်္ဘောတစ်စင်း၊ စက်လှေတစ်စင်းတို့ဖြင့် တင်ဆောင်ကာ ပင်လယ်ရေကြောင်းလမ်းမှ မလေးရှားနိုင်ငံသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အဖွဲ့သည် အဖွဲ့ရပ်တည်နိုင်ရေးနှင့် လက်နက်ခဲယမ်းများ ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သော ငွေကြေးများရရှိနိုင်ရန် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေကြောင်း AA သောင်းကျန်းသူအဖွဲ့ဝင်တစ်ဦးက ဝန်ခံထွက်ဆိုပြောကြားခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံ ပြည်တွင်းဒေသများမှ ဖြတ်သန်းသယ်ဆောင်ကာ ရန်ကုန်နှင့် ဧရာဝတီတို့မှထွက်၍ ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသည့် ယခင် ဖြစ်စဉ်များတွင်လည်း AA အဖွဲ့ဝင်များကို မူးယစ်ဆေးဝါးပမာဏ မြောက်မြားစွာနှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။ ဖမ်းမမိဘဲ လွတ်မြောက်သွားသည့် အခါများစွာလည်း ရှိမည်ဖြစ်ပြီး ၎င်းမူးယစ်ဆေးဝါးများက ရောက်ရာအရပ်မှ လူသားတို့ကို လူညွန့်တုံးအောင် အန္တရာယ်ပြုကြလိမ့်မည်ဖြစ်သည်။ ယခုနောက်ဆုံး ဖမ်းဆီးရမိသည့် ဖြစ်စဉ်တွင် အကြမ်းဖက်သောင်းကျန်းမှုနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုကို မလိုလားသည့် ဒေသခံပြည်သူများက သတင်းပေးခဲ့ခြင်းဖြစ်ရာ မှန်ကန်ကောင်းမွန်သည့် ဤလုပ်ဆောင်ချက်က မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးကို အထောက်အကူကြီးမားစွာ ရရှိစေသည်။ ထို့အပြင် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သည့် သတင်းများကို ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားခြင်းဖြင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းကိုလည်း သတင်းထုတ်ပြန်ထားရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အကြမ်းဖက်တိုက်ဖျက်ရေးတွင် အရေးကြီးသည့် တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို ၂၂-၅-၂၀၂၅ ရက်မှ စတင်၍ ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ၂-၆-၂၀၂၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

၁၆ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၁၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေ ၁၆ ရက် အထိ သေဆုံးသူ ၃၇၂၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၂ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၂ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၁၅ ရက် ညနေ ၅ နာရီမှ မေ ၁၆ ရက် ညနေ ၅ နာရီအတွင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် စင်ကာပူနိုင်ငံရှိ Lotus Light Charity Society မှ လှူဒါန်းသည့် အသင့်စား ခေါက်ဆွဲခြောက် (အလေးချိန် ၀ ဒသမ ၁၆၅ တန်) ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိပါကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇ - ၅ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၇၅၀	၂၈၆၀	၂၈၃၀	၂၇၆၅	၂၈၇၀	၂၈၈၅	၂၉၀၀	၂၈၂၀	၄၅၀၅	၃၀၁၅	၂၈၃၅	၂၈၄၀	၂၉၁၀	၂၈၇၅	၂၈၉၅	၃၀၅၀
95 Ron	၂၈၀၅	၂၉၂၀	၂၈၈၅	၂၈၂၀	၂၉၂၅	၂၉၄၀	၂၉၆၀	၂၈၇၅	၄၅၆၀	၃၀၇၀	၂၈၉၅	၂၈၉၅	၂၉၆၅	၂၉၃၀	၂၉၅၀	၃၁၂၀
HSD (500 ppm)	၂၃၂၀	၂၄၃၀	၂၄၀၀	၂၃၃၅	၂၄၄၀	၂၄၅၅	၂၄၇၀	၂၃၉၀	-	၂၆၀၅	၂၄၀၅	၂၄၁၀	၂၄၈၀	၂၄၅၅	၂၄၆၅	၂၇၂၀
HSD (50 ppm)	၂၈၅၅	၂၉၆၅	၂၉၃၅	၂၈၇၀	၂၉၇၅	၂၉၉၀	၃၀၀၅	၂၉၂၅	၄၈၃၀	၃၁၂၀	၂၉၄၀	၂၉၄၅	၃၀၁၅	၂၉၈၀	၃၀၀၀	၃၁၅၅
HSD (10 ppm)	၂၈၅၅	၂၉၆၅	၂၉၃၅	၂၈၇၀	၂၉၇၅	၂၉၉၀	၃၀၀၅	၂၉၂၅	-	၃၁၂၀	၂၉၄၀	၂၉၄၅	၃၀၁၅	၂၉၈၀	၃၀၀၀	၃၁၅၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၅၈၇	၂၆၇၂
95 Ron	၂၆၄၂	၂၇၂၈
HSD (500 ppm)	၂၁၇၀	၂၂၄၃
HSD (50 ppm)	၂၆၈၉	၂၇၇၂
HSD (10 ppm)	၂၆၈၉	၂၇၇၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၈ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကိုဆိုသည်။

(င) **ကျေးလက်လမ်း**ဆိုသည်မှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော ကုန်ထုတ်လမ်းနှင့် တံတားများမှအပ ကျေးရွာချင်းသော်လည်းကောင်း၊ ကျေးရွာနှင့် မြို့သော်လည်းကောင်း၊ ကျေးရွာနှင့် လမ်းမကြီးသော်လည်းကောင်း ဆက်သွယ်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖောက်လုပ်ထားပြီး ဝန်ကြီးဌာနက ကျေးလက်လမ်းအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် လမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် လမ်း၏တစ်ဖက်တစ်ချက်စီရှိ လမ်းနယ်နိမိတ်များနှင့် ယင်းလမ်းတွင်ရှိသော တံတားများလည်းပါဝင်သည်။

(စ) **ကျေးလက်လမ်းလုပ်ငန်း**ဆိုသည်မှာ ကျေးလက်လမ်းကို ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဆ) **ကျေးလက်လမ်းစီမံကိန်း**ဆိုသည်မှာ ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နှစ်တို သို့မဟုတ် နှစ်ရှည် စီမံကိန်းကို ဆိုသည်။

(ဇ) **လှည်း**ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကိုဆိုသည်။

(ဈ) **လမ်းနယ်နိမိတ်**ဆိုသည်မှာ ကျေးလက်လမ်းအဆင့်အတန်းအလိုက် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးလက်လမ်းအကျယ်ကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လွယ်ကူစေပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရန်၊

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေခံမူများနှင့်အညီ ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် မဟာဗျူဟာ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) ကျေးလက်လမ်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(င) ကျေးလက်လမ်းအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(စ) သဘာဝဘေးအန္တရာယ်ကျရောက်ချိန်များတွင် ဘေးအန္တရာယ်ကြောင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ဆောင်ရွက်ပေးရန်၊

(ဆ) ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

အခန်း(၃)
ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ခြင်း၊

(ခ) ကျေးလက်လမ်းစီမံကိန်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရေးဆွဲချမှတ်ခြင်း၊

(ဂ) ကျေးလက်လမ်းစီမံကိန်းများ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြီးကြပ်ခြင်း၊

(ဃ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကျေးလက်လမ်းသစ်များဖောက်လုပ်ခြင်း၊ ကျေးလက်လမ်းမြေနှင့် လမ်းနယ်နိမိတ်တို့ချဲ့ခြင်း၊ ဝန်ကြီးဌာနက စီမံခန့်ခွဲသော ကျေးလက်လမ်းများ အဖြစ် သတ်မှတ်ကြေညာခြင်း၊

(င) ကျေးလက်လမ်းများ၏ အဆင့်အတန်းနှင့် လမ်းနယ်နိမိတ် သတ်မှတ်ကြေညာခြင်း၊

(စ) ကျေးလက်လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ကျေးလက်လမ်းများဆက်သွယ်မှု မပြတ်တောက်စေရေး လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) ကျေးလက်လမ်းလုပ်ငန်းအတွက် တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သည့်မြေသိမ်းယူခြင်းနှင့် အဆောက်အဦဖယ်ရှားခြင်းများကို ဆောင်ရွက်ခြင်း၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော ကျေးလက်လမ်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း(၄)
ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝန်ကြီးဌာနက ချမှတ်ထားသော ကျေးလက်လမ်းစီမံကိန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကျေးလက်လမ်းလုပ်ငန်းကို ဝန်ကြီးဌာန၏ခွင့်ပြုချက်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကများ၏အကူအညီနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေများပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ ကျေးလက်လမ်းလုပ်ငန်းကို ဆောင်ရွက်ခြင်း၊

(ဃ) ကျေးလက်လမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်း၊

(င) ကျေးလက်လမ်းနယ်နိမိတ်ကို စီမံခန့်ခွဲခြင်း၊

(စ) ကျေးလက်လမ်းများ ရေရှည်တည်တံ့စေရန် စံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ ကောင်းမွန်သော ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် စောင့်ကြည့်အကဲဖြတ်စစ်ဆေးခြင်း၊

(ဆ) ကျေးလက်လမ်းများ၏ အရေးပါမှု၊ လမ်းဆက်သွယ်မှုနှင့် လမ်းကွန်ရက်အပေါ်မူတည်၍ လမ်းအဆင့်အတန်းသတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဇ) ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ရန် ယာယီလမ်းပိတ်ထားခြင်းအတွက် လမ်းလွှဲဖောက်လုပ်ပေးခြင်း၊

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

(ဈ) ကျေးလက်လမ်းများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်၊ ဘီးအမျိုးအစားနှင့် ဝန်တင်အလေးချိန်တို့ကို ထုတ်ပြန်သတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) ကျေးလက်လမ်းများပေါ်တွင် လှည်း သို့မဟုတ် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရပ်နားခြင်းဆိုင်ရာ စည်းကမ်းချက်များ ထုတ်ပြန်သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) ကျေးလက်လမ်းများ ပျက်စီးခြင်းမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များ ထုတ်ပြန်သတ်မှတ်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဌ) ကျေးလက်လမ်းနယ်နိမိတ်အတွင်းဖြစ်စေ၊ ကျေးလက်လမ်းကိုဖြတ်သန်း၍ဖြစ်စေ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းများကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် တားမြစ်ပိတ်ပင်ခြင်း၊

(ဍ) ကျေးလက်လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကျေးလက်ဒေသနေပြည်သူများကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ၎င်းတို့၏ အကြံဉာဏ်များရယူခြင်း၊

(ဎ) ကျေးလက်ဒေသနေပြည်သူများက တင်ပြလာသော ကျေးလက်လမ်းလုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ်ကြောင့် ကျေးလက်လမ်းများ ဆက်သွယ်မှုမပြတ်တောက်စေရေး စီမံဆောင်ရွက်ခြင်း၊

(တ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော ကျေးလက်လမ်းဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

၆။ ဦးစီးဌာနသည် ကျေးလက်လမ်းလုပ်ငန်းများကို ဝန်ကြီးဌာန၏ခွင့်ပြုချက်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည် -

(က) မိမိကိုယ်တိုင်ဆောင်ရွက်ခြင်း၊

(ခ) သတ်မှတ်ချက်များနှင့်အညီ တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။

အခန်း(၅)
ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၇။ ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးလက်လမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ကျေးလက်လမ်းလုပ်ငန်းများနှင့်ဆိုင်သော နည်းပညာဖြန့်ဝေခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(ဂ) ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသနေပြည်သူများအကြား စည်းလုံးမှုကို ပျက်ပြားစေမည့်ကိစ္စများ ပေါ်ပေါက်လာပါက ဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဖြေရှင်းဆောင်ရွက်ရန်။

၈။ ကျေးလက်ဒေသနေပြည်သူများ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျေးလက်လမ်းစီမံကိန်းများ ရေးဆွဲရာတွင် ဆွေးနွေးအကြံပြုခြင်း၊

(ခ) ကျေးလက်လမ်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြခြင်း၊

(ဂ) ကျေးလက်လမ်းလုပ်ငန်းများကို ကြည့်ရှုလေ့လာခြင်း၊ သတင်းအချက်အလက်များ တောင်းခံရယူခြင်းနှင့် လွတ်လပ်စွာဆွေးနွေးအကြံပြုခြင်း၊

(ဃ) ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို သွားရောက်လေ့လာခြင်း။

အခန်း(၆)
ကျေးလက်လမ်းလုပ်ငန်းများဆောင်ရွက်ခြင်း

၉။ ဦးစီးဌာနသည် ကျေးလက်လမ်းသစ်များ ဖောက်လုပ်ခြင်း သို့မဟုတ် ကျေးလက်လမ်းမြေနယ်နိမိတ်တိုးချဲ့ခြင်းလုပ်ငန်းများအတွက် အမှန်တကယ်လိုအပ်သောမြေနေရာကို ရရှိနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၀။ ဦးစီးဌာနသည် ဖောက်လုပ်ပြီး ကျေးလက်လမ်းများ ရေရှည်တည်တံ့စေရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဖောက်လုပ်ဆဲ ကျေးလက်လမ်းများ အရည်အသွေးပြည့်မီစေရေးအတွက် စစ်ဆေးခြင်းလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မဟာဗျူဟာရေးဆွဲချမှတ် ဆောင်ရွက်နိုင်သည်။

၁၁။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းသစ်များဖောက်လုပ်ခြင်း သို့မဟုတ် ကျေးလက်လမ်းမြေတိုးချဲ့ခြင်းလုပ်ငန်းများအတွက် အနည်းဆုံးလိုအပ်သည့် မြေပမာဏကိုရရှိနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) မြေပိုင်ဆိုင်သူ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူက ကျေးလက်လမ်းအတွက် လှူဒါန်းသည့် မြေနေရာကိုလက်ခံရယူခြင်း၊

(ခ) မြေသိမ်းယူခြင်းနှင့် အဆောက်အဦဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

အခန်း(၇)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၂။ မည်သူမဆို ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ် တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်းပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည် -

(က) ကျေးလက်လမ်းကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) ကျေးလက်လမ်းပျက်စီးစေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း။

၁၃။ မည်သူမဆို -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း အဆောက်အဦဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည့်အပြင် ယင်းအဆောက်အဦအားလည်း ဆောက်လုပ်သူ၏ စရိတ်ဖြင့်ချက်ချင်းဖယ်ရှားစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၁၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်းပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည် -

(က) ကျေးလက်လမ်းလုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) ကျေးလက်လမ်းပေါ်တွင် ဦးစီးဌာနက သတ်မှတ်ထားသော မောင်းနှင်သွားလာခွင့်မပြုသည့် ယာဉ်၊ ဘီးအမျိုးအစား သို့မဟုတ် ဝန်တင်အလေးချိန်ပါ ယာဉ်ကို မောင်းနှင်ခြင်း၊

(ဂ) လမ်းနယ်နိမိတ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်ကိုခုတ်လှဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) လမ်းနယ်နိမိတ်အတွင်း လမ်း၊ တံတားနှင့် မြေပြင်အနေအထားကို ပြောင်းလဲစေရန် သို့မဟုတ် ပျက်စီးစေရန်ပြုလုပ်ခြင်း၊

(င) လမ်းနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း။

၁၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်းပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည် -

(က) ကျေးလက်လမ်းများ ပျက်စီးခြင်းမှ ကာကွယ်ရန် သတ်မှတ်ထုတ်ပြန်ထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) ကျေးလက်လမ်းများပေါ်တွင် လှည်း သို့မဟုတ် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရပ်နားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) ကျေးလက်လမ်းပေါ်တွင် သွားလာမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းကို တမင်ထားရှိခြင်း။

၁၆။ မည်သူမဆို တရားရုံးကချမှတ်သော လျော်ကြေးငွေကို ဦးစီးဌာနသို့ ပေးဆောင်ရန် သို့မဟုတ် ကျေးလက်လမ်းကို မူလအနေအထားအတိုင်း ပြန်လည်ပြုပြင်ပေးရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

အခန်း(၈)
အထွေထွေ

၁၇။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသည် မိမိဌာနအဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ ကျေးလက်လမ်းကိုဖြတ်သန်း၍ လုပ်ငန်းဆောင်ရွက်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူရမည်။

၁၈။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းများ၏ နယ်နိမိတ်ကိုသတ်မှတ်ရာတွင် ကျေးရွာအတွင်းရှိ လူနေအိမ်အဆောက်အဦများ၏ တည်ရှိမှု၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှု၊ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၊ အခြားတည်ဆဲမြို့ပြနှင့် ကျေးလက်ဒေသဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၁၉။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းနှင့် တံတားအသုံးပြုခကောက်ခံခြင်းကို လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေနှင့်အညီဆောင်ရွက်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/ ၂၀၂၅) ကြိမ်မြောက် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ကိုးခုကို ခွင့်ပြု

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လက်ရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် သုံးခုနှင့် စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခု တို့ကို ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်း များ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇၇၈ သန်းနှင့် ငွေကျပ်သန်း ၃၀၂၀၆ ဒသမ ၉၂၀ ဖြစ်ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၉၇၁ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ခွင့်ပြုပေးသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ဆိုလာနှင့်ဆက်စပ် ပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းများ၊ လျှပ်စစ်သွယ်တန်းခြင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများ၊ အရန်သင့်အစားအစာများ ပြင်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း၊ သံနှင့် သံမဏိအခြေခံပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ တို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၄ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၉ ရာခိုင်နှုန်းဖြင့်လည်း ကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ က တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆို ပြုချက်များကို စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများ အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင် မှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရန်အတွက် ဘာရှာအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သည့် Container House များ နေရာချထားမှု လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် ကော်မရှင်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ် (၅၆)၌ တည်ဆောက်ထားသည့် ယာယီ အဆောက်အအုံများတွင် ဝန်ထမ်း များ နေရာချထားမှု၊ ထပ်မံ ဆောက်လုပ်လျက်ရှိသည့် ဘာရှာ အဆောက်အအုံများ တည်ဆောက် ပြီးစီးမှုနှင့် တရုတ်နိုင်ငံမှ ကူညီ ထောက်ပံ့သည့် Container House များ နေရာချထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင် ဥက္ကဋ္ဌသည် မြတ်ဖောင်ဒေးရှင်း အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ဦး ဦးစီး သည့်အဖွဲ့က ငလျင်ဘေးဒဏ် ခံစားခဲ့ရသည့် ဝန်ထမ်းများ အတွက် လူသုံးကုန်ပစ္စည်းများနှင့် ငွေကျပ်သိန်းခုနစ်ဆယ် ပေးအပ် လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုမှတ်တမ်း လွှာနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ ကျေးဇူး တင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❊ ရှေ့ဖုံးမှ

ငါးဖမ်းရာသီပိတ်သိမ်းချိန် နောက်ဆုံးနေ့မှာ ငါး/ပုစွန် အဝင်များခဲ့တဲ့အတွက် ပြည်ပနိုင်ငံအချို့က မှာကြားတဲ့ပုံစံအတိုင်း တင်ပို့နေပါတယ်။ စက်လှေတစ်စင်းကို တိုက်ဂါးပုစွန် ပုံးတစ်ရာကျော်ပါလာပြီး အချိန်တစ်သောင်းခွဲနီးပါး သယ်ဆောင်လာတဲ့အတွက် အအေးခန်းစက်ရုံကိုပို့ပြီး ငါးဖမ်းရာသီနှစ်လတာ ပိတ်ထားချိန်မှာ ရေငန်ထွက်ကုန်တွေ ပြည်ပကို တင်ပို့နေတာ ရှိပါတယ်။ ဈေးကောင်းရတဲ့ တိုက်ဂါးပုစွန်ကိုတော့ ဒီအပတ်ထဲမှာ ပြည်ပကို တင်ပို့ သွားဖို့ ရှိပါတယ်” ဟု ကြည့်မြင်တိုင်စံပြငါးဈေးမှ ရေငန်ပို့ကုန်လုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

မြန်မာ့ပင်လယ်ပြင်မှရရှိသည့် တိုက်ဂါးပုစွန်နှင့် မြိတ်ကျွန်းစုတွင် မွေးမြူထုတ်လုပ်သော ပနားမီးပုစွန်ဖြူတို့ကို ပြည်ပနိုင်ငံများသို့ နှစ်စဉ် တင်ပို့လျက်ရှိပြီး ပင်လယ်ပြင်မှဖမ်းဆီးရမိသည့် အနီရောင်တိုက်ဂါးပုစွန်ကို ပြည်ပလေးနိုင်ငံသို့ တင်ပို့လျက်ရှိ၍ မြိတ်ကျွန်းစုတွင် မွေးမြူသည့် ပနားမီးပုစွန်ဖြူအား တရုတ်နှင့်ဂျပန်နိုင်ငံသို့ အဓိက တင်ပို့လျက်ရှိသည်။

“မြန်မာနိုင်ငံကထွက်ရှိတဲ့ တိုက်ဂါးပုစွန်နဲ့ ပနားမီးပုစွန်ဖြူကို ပြည်ပဈေးကွက်မှာ တင်ပို့နိုင်တဲ့အတွက် နိုင်ငံခြားဝင်ငွေရရှိပါတယ်။ ရေခံမြေခံကောင်းတဲ့ မြန်မာနိုင်ငံမှာ ရေရှည်ထုတ် ယူသုံးစွဲမယ်ဆိုရင် ကောင်းမွန်တဲ့ မွေးမြူရေးကျင့်စဉ်တွေ လုပ်ဆောင်သွားဖို့ လိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ တစ်ချိန်မှာ ဖမ်းဆီးမှုထက် မွေးမြူထုတ်လုပ်မှုဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှာ အရေးပါလာလို့ပါ။ တစ်ချိန်တုန်းက တိုက်ဂါးပုစွန်ကို မျိုးထိန်းပြီး မျိုးကိုရောင်းချနိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့တာရှိခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ရေခံမြေခံကောင်းတဲ့အတွက် သဘာဝနဲ့လိုက်လျောညီထွေပြီး မျိုးစိတ်ကိုထိန်းနိုင်တဲ့ မွေးမြူထုတ်လုပ်မှုကို ဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့ရေထွက်ကုန် ပို့ကုန်ကဏ္ဍဟာ နှစ်ဆထုတ်လုပ် တင်ပို့နိုင်မှာပါ”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

မေလပထမပတ်တွင် ငါးဖမ်းစက်လှေများ ရန်ကုန်မြို့ရှိ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးနှင့် အခြားသောဆိပ်ကမ်းများသို့ ရေငန်ပုစွန်နှင့် ပင်လယ်ငါးမျိုးစုံ ဝင်ရောက်ခဲ့ပြီး ရန်ကုန်မြို့ရှိ အအေးခန်းစက်ရုံများသို့ တင်ပို့ခဲ့ရာ အေးခဲပြီးနောက် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယားသို့ အဓိကတင်ပို့လျက်ရှိသည်။ ငါးဖမ်းရာသီ မေလနှင့်ဇွန်လ နှစ်လတာ ပိတ်ထားချိန်၌ အအေးခန်းစက်ရုံများတွင် သိုလှောင်ထားရှိ၍ ပြည်ပနိုင်ငံများက မှာကြားမှုအလိုက်တင်ပို့လေ့ရှိပြီး ငါးဖမ်း ရာသီပိတ်သိမ်းချိန်ကာလ၌ ရေငန်ပုစွန်ပို့ကုန်မှ ဈေးကောင်းရရှိလေ့ရှိသည်။

ရေထွက်ကုန်များ ပြည်ပသို့တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပုစွန် ၉၁၄၆ ဒသမ ၆၁၅ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရ သည်။ မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရမိသည့် ပိုက်ပုစွန်၊ ပင့်ပုစွန်၊ ရွှေလီပုစွန်နှင့် တိုက်ဂါးပုစွန်တို့တွင် အရသာကောင်းမွန်သော အနီရောင်တိုက်ဂါးပုစွန်ကို ပြည်ပနိုင်ငံများက ပိုမိုနှစ်ခြိုက်မှုကြောင့် ဈေးကောင်းရရှိသော ရေထွက်ကုန်တစ်ခုအဖြစ် နေရာရ လျက်ရှိကြောင်း သိရသည်။

သတင်း/ဓာတ်ပုံ – အောင်သန်းဦး

❖ ရှေ့ဖုံးမှ

တည်ငြိမ်လျက်ရှိကာ ပြည်ပမှဝယ်ယူရသည့် စက်သုံးဆီဈေးနှုန်း ကျဆင်းမှုကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည်လည်း တစ်လီတာလျှင် ၇၅ ကျပ် မှ ၁၂၅ ကျပ်ခန့်အထိ ကျဆင်းလျက် ရှိသည်။

ထို့ပြင် ဒေသအလိုက် စက်သုံးဆီလိုအပ်ချက်ကို ပြည့်မီအောင် အချိန်မီပို့ဆောင် ဖြန့်ဖြူးပေးလျက်ရှိသဖြင့် အဆင်ပြေချောမွေ့စွာ လိုအပ်သလို ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ အရန်စက်သုံးဆီ ရက်သတ္တပတ်(၂)ပတ်စာခန့်ရှိပြီး ပြည်ပမှစက်သုံးဆီတင် သင်္ဘောများသည်လည်း အဆက်မပြတ် ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

သတင်းစဉ်

မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် မေ ၁၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သိလ္လာဂါတ်စုကျေးရွာရှိ ရော်ဘာခြံနှင့် ကော်ဖီသီးညှပ်စိုက်ပျိုးထားမှုကြည့်ရှုစစ်ဆေးပြီး မြောင်းမြခရိုင်နှင့် ဖျာပုံခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပုသိမ် မေ ၁၆
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်း က မြောင်းမြမြို့နယ် သိလ္လာဂါတ်စုကျေးရွာရှိ တောင်သူဦးသန့်ဇင်၏ ရော်ဘာခြံနှင့် ကော်ဖီသီးညှပ်စိုက်ပျိုးထားရှိမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုန်ကြမ်းများမှ ကုန်ချောထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်စေရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးမှာကြားပြီး ရော်ဘာစေးများကို ခဲကန်အတွင်း ထည့်သွင်းခြင်း၊ ခဲကန်အတွင်းရှိ ရော်ဘာအပြားများကို ကြိတ်ခြင်း၊ ရေစစ်ခြင်း၊ နေလှမ်းခြင်း၊ မှိုင်းခံခြင်း စသည့်ကုန်ကြမ်းထုတ်လုပ်မှုများကို လည်းကောင်း၊ ရော်ဘာစိုက်ကွေ ၄၈ ကေနှင့် ရိုဘတ်စတာ (TR-4) ကော်ဖီသီးညှပ်စိုက်ကွေ ငါးကေ စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပုသိမ်ခရိုင်အသင်းနှင့် ကျုံပျော်ခရိုင်အသင်း ယှဉ်ပြိုင်မှုကိုလည်းကောင်း၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပုသိမ်ခရိုင်အသင်းနှင့် မြောင်းမြခရိုင် အသင်းယှဉ်ပြိုင်မှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပုသိမ်ခရိုင်အသင်းမှ အားကစားသမားများအား ဆုဆွဲပြား၊ ငွေသားဆုနှင့် ဆုဖလားကို ချီးမြှင့်ပြီး ဆုရရှိသော အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် မြောင်းမြမြို့နယ် မြကန်သာရပ်ကွက် အပြင်ပတ်လမ်း(စိုက်သိပ္ပံလမ်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)**ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဘင်ခရာအဖွဲ့၊ ကရင်ဒိုးယိမ်းအဖွဲ့နှင့် အိုးစည်ဒိုးပတ်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် မြောင်းမြမြို့နယ် ကျုံဝါးစိုက်ပျိုးရေးပညာပေးစခန်းတွင်ပြုလုပ်သည့် တောင်သူများအား စပါးမျိုးများ၊ ပိုက်ဆံလျှော်မျိုးစေ့နှင့်မျိုးစေ့ချကိရိယာ (Drum Seeder)များ ပေးအပ်ပွဲသို့ တက်ရောက်၍ တောင်သူများအား ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီအတွက် အောင်နိုင်တိုး၊ ရေဆင်းပေါ်ဆန်း၂ စပါးမျိုးများ၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် စပါးမျိုးစေ့ချကိရိယာ (Drum Seeder)များ ပေးအပ်သည်။

အလားတူ ဝါးခယ်မမြို့နယ် ကံကွင်းကျေးရွာ အုပ်စုသို့သွားရောက်၍ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တောင်သူများအား ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီအတွက် အောင်နိုင်တိုးစပါးမျိုးများ ပေးအပ်သည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ဖျာပုံတမံကျေးရွာရှိ စိန်ရတနာဖြိုး ဥစားဘဲမွေးမြူရေးခြံသို့သွားရောက်၍ ဥစားဘဲမွေးမြူရေးခြံတွင် ဘဲကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး မွေးမြူရေးခြံဖျန်း ပိုးသတ်ဆေးများ ပေးအပ်သည်။

သတင်းစဉ်

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ ရွှေတိဂုံစေတီတော်နှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းများမှ သင်တန်းသားများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် မေ ၁၆
ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ သင်တန်းသား သင်တန်းသူများအား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်း ပြောကြားကြသည်။ ထို့နောက် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများသည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုခြင်းနှင့် ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာခြင်း၊ ဓာတ်ပုံပြခန်းကို ကြည့်ရှုလေ့လာခြင်း၊ မြန်မာဗိသုကာအနုလက်ရာများကို ကြည့်ရှုလေ့လာခြင်းနှင့် ဗုဒ္ဓဝင်ပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်ပြီး ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများသည် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး သင်တန်းသား၊ သင်တန်းသူများက မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသန ပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာမြို့ပြ ယဉ်ကျေးမှုပြခန်း၊ သဘာဝသမိုင်းနှင့်မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ မြန်မာ့ရှေးဟောင်းအဆင်တန်ဆာ ရတနာပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံပြခန်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းတို့ကို စိတ်ဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **(ဝဲပုံ)**

အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား သင်တန်းသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်တစ်ဦးက ရှင်းလင်းပြောကြားစဉ်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေသော အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသား၊ နည်းပြ/ အုပ်ချုပ်သူ ၉၀၁ ဦးတို့သည် နေပြည်တော်ကောင်စီနယ်မြေတွင် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီးနှင့် အခြားသာသနိကအဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ရှိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၏ ပုံစံငယ်များ ၊ အထင်ကရနေရာများ၊ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာ အထိမ်းအမှတ်ပြယုဂ်များကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့်တွေ့ဆုံညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၆

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဂျူဂျစ်ဆု၊ Teqball၊ Squash၊ ဟော်ကီ၊ ဘိုးလင်း၊ Kick Boxing၊ နပန်း၊ ကျွမ်းဘား၊ Tug of War၊ Skate Boarding၊ Kabaddi အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များအနေဖြင့် မိမိအားကစားအဖွဲ့ချုပ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုးတက်လာအောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အိမ်ရှင်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရေး၊ နည်းစနစ်ပိုင်းနှင့် နည်းပြဆိုင်ရာများ၊ အားကစားသမားအင်အားစာရင်းနှင့် ရွေးချယ်ရေးကိစ္စရပ်များ၊ By Name, By Number ပေးပို့ရေး၊ လေ့ကျင့်ရေးနှင့် ပြိုင်ပွဲဝင်သုံးအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းနိုင်ရေးနှင့် ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုများ ရရှိရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ မိမိတို့ အဖွဲ့ချုပ်အလိုက် အားကစားသမားများ စိစစ်ရွေးချယ် ဆက်လက်စခန်းသွင်းနိုင်ရေး၊ အဖွဲ့ချုပ်သစ်ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်နိုင်ရေး၊ အထောက်အကူပြုပစ္စည်းများ သယ်ယူနိုင်ရေး၊ စခန်းသွင်း အားကစားသမားများအတွက် အင်အားဖြည့် စားသောက်ရေး၊ Joint Training ပူးတွဲသွားရောက်လေ့ကျင့်နိုင်ရေးနှင့် နည်းပြခေါ်ယူရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆွေးနွေးမှုများအပေါ် အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၆

မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စစ်တက္ကသိုလ် အမှတ်စဉ်(၃၇) ဗိုလ်လောင်းသင်တန်းဆင်း အရာရှိမိသားစုများက ငွေကျပ် ၁၃၆၆၀၀၀၀ ကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အေဂျင်စီများမှ ပြည်ပနိုင်ငံများသို့ အလုပ်သမား စေလွှတ်ခဲ့မှုအပေါ် အခွန်စည်းကြပ်မှုခံယူကြရန် အသိပေးကြေညာချက်

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြည်ပအလုပ် အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ နိုင်ငံအလိုက် အလုပ်သမားစေလွှတ်ခဲ့မှုအပေါ် သက်ဆိုင်ရာ မြို့နယ်အခွန်ရုံးများတွင် ၂၀၂၄ ခုနှစ် ဩဂုတ်လနောက်ဆုံးထား၍ အခွန်စည်းကြပ်မှု ခံယူပြီး ပြန်လည်တင်ပြကြရန် ၇-၆-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ အခွန်စည်းကြပ်မှုခံယူရမည့် အေဂျင်စီများအနက် အခွန်ပေးဆောင်ခြင်း မရှိသေးသည့် အေဂျင်စီများကို ၂၀၂၅ ခုနှစ် မေလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ အခွန်စည်းကြပ်မှုခံယူကြရန် ၉-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း သက်ဆိုင်ရာ အေဂျင်စီများထံသို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ အခွန်စည်းကြပ်မှုခံယူခြင်း မရှိသည့် အောက်ဖော်ပြပါ အေဂျင်စီ ၂၈ ခုအနေဖြင့် ၃၁-၅-၂၀၂၅ ရက်နေ့မတိုင်မီ သက်ဆိုင်ရာမြို့နယ် အခွန်ရုံးများတွင် အခွန်စည်းကြပ်မှုခံယူ၍ အချိန်မီ တင်ပြကြရန်နှင့် အခွန်ပေးဆောင်ခြင်းမရှိပါက ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင် ပယ်ဖျက်၍ အမည်မည်း (Black List) စာရင်း ရေးသွင်းမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	အေဂျင်စီအမည်	စဉ်	အေဂျင်စီအမည်
၁	AUNG SAN MOE CO., LTD	၁၅	ROYAL FOUR SEA SERVICES CO., LTD
၂	DIAMOND BAGAN GENERAL SERVICES CO., LTD	၁၆	S.M.Z CO., LTD.
၃	FORE SIGNAL INT'L SERVICES CO; LTD	၁၇	SEVEN DAY AYAR LWIN CO., LTD
၄	FORERUNER MYANMAR CO., LTD	၁၈	SHWE LWIN LWIN CO., LTD
၅	GLOBAL CHAMPION CO., LTD	၁၉	SHWE POE MYANMAR GROUP CO., LTD
၆	HTOO AUNG HLYAN CO., LTD	၂၀	SHWE THIRI CHAN THAR SERVICES CO., LTD
၇	JJA SUPPORT CO., LTD	၂၁	SHWE ZIN INTER CO., LTD
၈	JMK Service CO., Ltd	၂၂	SOTHERN TREASURE CO., LTD
၉	JOB SUCCESS CO., LTD	၂၃	SUPER TIP CO., LTD
၁၀	MAX SUCCESS CO., LTD	၂၄	SWAN AUNG MYIN GENERAL SERVICESCO., LTD
၁၁	MINGALAR ASIA CO., LTD	၂၅	THAW TAR MYINT MOH SERVICES CO., LTD
၁၂	MOE MOE FAMILY GENERAL SERVICES CO., LTD	၂၆	VEGA & MIRA CO.,LTD
၁၃	MYA YEIK HLYAN CO., LTD	၂၇	YA WAI MYAING FAMILY CO., LTD
၁၄	NGWE KYAL WINT CO., LTD	၂၈	YADANAR SU LATT CO., LTD

အလုပ်သမားဝန်ကြီးဌာန

ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည် ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများ လက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ရှိရာ ယနေ့တွင် လာရောက်ဝယ်ယူသူ ၃၆ ဦးရှိပြီး ဘိလပ်မြေအိတ် ၂၀၀၀ ကို ရောင်းချပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၆

နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင်နေပြည်တော်ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နေပြည်တော်ကောင်စီနှင့် စည်ပင်သာယာရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည့် **“ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ၊ လမ်း၊ တံတားများအတွက် အမျိုးအစားနှင့် ပျက်စီးမှုပုံစံများအလိုက် ပြန်လည်ပြုပြင်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် (Standard Operating Procedure – SOP)”** များကို ဖြန့်ဝေပေးထားပြီးဖြစ်၍ ပြန်လည်ပြုပြင်ရန်နှင့် အသစ်တည်ဆောက်ရာတွင် လိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအစား အသစ်တည်ဆောက်နိုင်ရန် Town Plan ရေးဆွဲရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်း တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်း အကြံပြုဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ရန် Town Plan အတွက် မြေနေရာရွေးချယ်ထားရှိမှု၊ မြေစမ်းသပ်ထားရှိမှု၊ ဝန်ကြီးဌာန၏ မူဝါဒများနှင့် အညီ ဆောင်ရွက်မည့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက မြို့ပြမြေအသုံးချမှုရာခိုင်နှုန်း စံသတ်မှတ်ချက်များ၊ Town Plan ရေးဆွဲရာတွင် လိုက်နာရမည့် အခြေခံအချက်အလက်များကိုလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန် ဦးမောင်မောင်က အိမ်ရာစီမံကိန်း အသစ်တည်ဆောက်ရန် မြေနေရာရွေးချယ်ထားရှိမှုကိုလည်းကောင်း၊ အစည်းအဝေး တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးမှ ရရှိလာသည့် ဆွေးနွေးချက်များကို အခြေခံပြီး Town Plan အတွက် မြေနေရာရွေးချယ်ခြင်းနှင့် Soil Test ဆောင်ရွက်ခြင်းတို့ကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ Town Plan အတွက် မြေနေရာရွေးချယ်ထားရှိမှု အခြေအနေကို မြေပြင်တွင် အသေးစိတ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး Town Plan ရေးဆွဲရာတွင် မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန်၊ မြေစမ်းသပ်မှုများ စနစ်တကျသေချာတိုင်းတာတွက်ချက်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်၌ Modular House များနေရာချထားတပ်ဆင်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြေနေရာရှင်းလင်းထားရှိမှု၊ Modular House များ သတ်မှတ်လျာထားချက်နှင့်အညီ နေရာချထားတပ်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် အလျား ပေ ၂၀၊ အနံ ၁၀ ပေရှိ Modular House များကို Phase 1 တွင် လျာထား ၆၄ လုံးနှင့် Phase 2 တွင် လျာထား ၁၂၄ လုံး စုစုပေါင်း ၁၈၈ လုံး တပ်ဆင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ပဲခူးမြို့ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ဗိုလ်ချုပ်ကြေးရုပ်အနီး၌ ကျင်းပသည်။

အခမ်းအနားသို့ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် “ကျောင်းနေအရွယ် ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးတက္ကသိုလ်သို့ ရောက်ရှိပြီး ဘာသာရပ်ဌာနများ၊ သုတေသနခန်းများ၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း လက်တွေ့ဆောင်ရွက်နေမှုများ၊ ဇွန်လတွင် ဖွင့်လှစ်မည့် ကျောင်းဖွင့်ချိန် မတိုင်မီ စာသင်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၅)အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)များသို့ရောက်ရှိကာ ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံရာတွင် ထောက်ပံ့ပေးအပ်မည့် ဘောပင်၊ ခဲတံ၊ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများ၊ သင်ထောက်ကူ ပစ္စည်းများနှင့် စာသင်ခန်းများ အဆင်သင့်ဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။(**အပေါ်ယာပုံ**)

ထို့နောက် ပဲခူးမြို့အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်များသို့ရောက်ရှိပြီး ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း (Dip.EP) သင်ယူနေကြသည့် သင်တန်းသားသင်တန်းသူများကို လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ယင်းနောက် လှည်းကူးပညာရေး ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခများနှင့် တွေ့ဆုံ၍ သင်ကြားသင်ယူမှု နည်းစနစ်များနှင့် စာသင်ကြားရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများကို မေးမြန်းကာ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မအူပင်မြို့ တိုးမြစ်အတွင်း ငါးသားပေါက်ကောင်ရေ လေးသိန်းကျော် ငါးမျိုးစိုက်ထည့်

မအူပင် မေ ၁၆

သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာများပိုမိုရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်း သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့က မအူပင်မြို့ တိုးမြစ်မွေးရေဆိပ်ကမ်း၌ ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၆၄ ဦး တို့က တလုပ်လုငါးလုပ်ငန်း စခန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်း စခန်းတို့မှ သားဖောက်ထုတ်လုပ်သော ရွှေဝါငါးကြင်း သားပေါက် ကောင်ရေ ၉၆၀၀၀၊ ထိုင်းငါးခုံးမကြီးသားပေါက် ကောင်ရေ ၁၅၀၀၀၀၊ ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၄၆၀၀၀ ကို တိုးမြစ်သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၆

မေ ၁၇ ရက် မွန်းတည့်ချိန်အထိ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

မန္တလေးတိုင်းဒေသကြီး၌ တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

မန္တလေး မေ ၁၆

တက္ကသိုလ်နှင့်ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့

မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်း အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းမှ ရရှိခဲ့သည့်ဥပဒေအသိပညာများကို မိမိတို့ လုပ်ငန်းနယ်ပယ်အသီးသီး ရောက်ရှိသည့်အခါ ဝန်ထမ်းများကို ဆင့်ပွားပြန်လည်ပို့ချသွားနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေ အရာရှိတို့က သင်တန်းတက်ရောက်ခဲ့သည့် တက္ကသိုလ်များမှ သင်တန်းသားများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်း သင်တန်းသား စုစုပေါင်း သင်တန်းသား ၅၆ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီးနောက် သင်တန်းသားများကိုယ်စား ဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် တိုင်း ဒေသကြီးဝန်ကြီးချုပ်က သင်တန်းသားများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံး ရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေရန်ပုံငွေမှ အတိုးနှုန်း သက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် –

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ် ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) **ချေးငွေပမာဏ**

(၁)	လုပ်ငန်းသုံးလည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ	–	အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ
(၂)	မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ	–	အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ

(၃) ကျပ်သိန်း ၅၀၀၀အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁)	လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ	–	ချေးငွေသက်တမ်း(၁)နှစ်
(၂)	မတည်ရင်းနှီးငွေ	–	ချေးငွေသက်တမ်း(၃)နှစ် ၃ ရစ်ဆပ်

(ဂ) **ချေးငွေအတိုးနှုန်း** – ၁ နှစ်လျှင် (၅ %)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများ ရယူ၍လျှောက်ထားနိုင်ပါသည် –

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊

(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www. mopf.gov.mm၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm/၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ
စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ငါးကြင်း၊ ငါးတန်၊ ငါးမုတ်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း စီစဉ်မှုဖြင့် ငါးကြင်း၊ ငါးတန်၊ ငါးမုတ်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် ပြည်သူများသို့ ဧပြီ ၂၅ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လှည့်လည်ရောင်းချရာ၌ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဈေးကားတစ်စီးဖြင့် နေပြည်တော်ကောင်စီဝင်း အတွင်းရှိ ဝန်ထမ်းများနှင့် ပြည်သူများသို့ ငါးကြင်း ၅၅ ပိဿာ၊ ငါးတန် ပိဿာ ၄၀ နှင့် ငါးမုတ် ၃၅ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့်

လှည့်လည်ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်သောကြာနေ့တိုင်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် မေ ၁၆

မေ ၁၆ ရက် မြန်မာစံတော်ချိန် ၀၇ နာရီ ၃၀ မိနစ် ၀၉ စက္ကန့် အချိန်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၅၁ မိုင်ခန့် ကွာဝေးသော (Myanmar–China Border Region)၊ မြောက်လတ္တီတွဒ် ၂၅ ဒသမ ၁၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၁၆ ဒီဂရီ၊ အနက် ၁၀ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၁၆ – နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

ပညာရှိသတိဖြစ်ခဲမို့ အကြံပေးဆိုသူကြီးကို အကြံပေးလိုက်ချင်တာက ...

--- စွမ်းပြည့် ---

> ❍ **ရာမန်ဆိုတဲ့လူက AA အကြမ်းဖက်သမားတွေကို အလွန့်အလွန်အထင်ကြီးလေးစားနေပုံရတယ်။ ပုလင်းတူဘူးဆို့၊ ဘုန်းကြီးရှူးနဲ့လှေလူးဆိုတော့ သူ့အနေနဲ့ AA ကို အကြမ်းဖက်အဖွဲ့လို့မမြင်ဘူး၊ ပြစ်မှုမျိုးစုံကျူးလွန်နေတဲ့ တရားခံတွေအဖြစ်လည်း မြင်ပုံမရဘူး။ သူကပြောတယ်.. AA က ငြိမ်းချမ်းရေးကို လိုလားတယ်၊ ငြိမ်းချမ်းရေး စကားပြောချင်သူဖြစ်တယ်၊ အပစ်အခတ်ရပ်စဲလိုတယ်ဆိုပြီး ရှေ့နေအခမဲ့ လိုက်ပေးနေတဲ့ ရာမန်တစ်ယောက်.. သိသင့်တာက အပစ်အခတ်ရပ်စဲထားတာက မြန်မာ့တပ်မတော်ဘက်ကပါ။ ငြိမ်းချမ်းရေးလိုချင်လို့ ငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက် ဖိတ်ခေါ်နေတာကလည်း မြန်မာအစိုးရအဆက်ဆက်နဲ့ မြန်မာ့တပ်မတော်ပါပဲ။ ရာမန်တစ်ယောက် မျက်စိမကန်း၊ နားမကန်းရင် မြင်အောင်ကြည့်၊ ဉာဏ်နဲ့ကြည့်၊ ပညာနဲ့ လေ့လာပါလို့ တိုက်တွန်းပါတယ်**
>
> ❑ **ဘင်္ဂလားဒေ့ရှ်အနေနဲ့ကပြောရရင် မြန်မာမန္တလေးလျှင်ကြီးမှာ နိုင်ငံတော်အစိုးရက အကူအညီမတောင်းခင်မှာတင် မြန်မာနိုင်ငံကို ပြန်လည် ကယ်ဆယ်ရှာဖွေရေးမှာ အကူအညီပေးခဲ့တာမှန်ပါတယ်။ ဒီအတွက် မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူအားလုံးက ကျေးဇူးမမေ့ပါဘူး။ ကျေးဇူးလည်း မကန်းပါဘူး။ မြန်မာပြည်သူတွေက အလွန်ဖော်ရွေတတ်ပါတယ်**

"တင်းမာမှုတွေ မြင့်တက်နေတဲ့ နယ်စပ်တစ်လျှောက် ထိန်းချုပ်နိုင်ဖို့ ဘယ်သူနဲ့မဆို စကားပြောပိုင်ခွင့်ရှိတယ်" ဆိုတဲ့ ခါလီလာရာမန်ရေ၊ မင်းရဲ့ပြောဆိုချက်တွေက နိုင်ငံတစ်နိုင်ငံရဲ့ ပြောရေးဆိုခွင့်ရအကြီးတန်းအရာထမ်း တစ်ယောက်အနေနဲ့ကော၊ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံအနေနဲ့ကော သံတမန်ရေးရာအရ ပြောသင့်သလား၊ ပြောခွင့်ရှိသလား ချင့်ချိန်ဖို့လိုတယ်။ ခါလီလာရာမန်၊ အလွန်ကို မိုက်ရိုင်းလွန်းတဲ့စကား စော်ကားလွန်းတဲ့ စကား၊ လူကြီးလူကောင်းမဆန်တဲ့ ပြောစကားတစ်ခု။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံက ဥပဒေအရ သတ်မှတ်ထားတဲ့ မူးယစ်ကုန်ကူး၊ အကြမ်းဖက် အဖွဲ့အစည်း၊ အပြစ်မဲ့ပြည်သူတွေအပေါ် ရမ်းကား၊ နှိပ်စက်၊ သတ်ဖြတ်၊ မုဒိန်းကျင့်၊ လူသတ်၊ ဓားပြနဲ့မှ ပေါင်းတတ်၊ သင်းတတ်စကားပြောတတ်တဲ့ သင်တို့နိုင်ငံက သင့်လိုလူမျိုးကို ကျွန်ုပ်တို့မြန်မာနိုင်ငံနဲ့မြန်မာပြည်သူတွေအနေနဲ့ ဘယ်လို သဘောထားသင့်ပါသလဲ၊ လူမိုက်နဲ့ပေါင်းရင် လူမိုက်၊ သူခိုးနဲ့ပေါင်းရင်သူခိုး၊ အကြမ်းဖက်နဲ့ပေါင်းရင် အကြမ်းဖက်ပါပဲလို့ မြန်မာပြည်သူတွေက သတ်မှတ်ပါတယ်။

အမျိုးသား လုံခြုံရေးအကြံပေးဆိုသူရဲ့ ပြောစကားများ

ယခုကာလလေးအတွင်းမှာ သင်တို့ ကျွန်တော်တို့အပေါ် စော်ကားမိုက်ရိုင်းတာတွေ များနေပါပြီ။ နိုင်ငံကို ပုန်ကန်နေတဲ့ အကြမ်းဖက် အဖွဲ့အစည်းတစ်ခုနဲ့ အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံက ဆက်သွယ်နေမှုအပေါ် အိမ်နီးချင်းကောင်းတစ်ယောက်အနေနဲ့ သံတမန်နည်းအရ ယဉ်ကျေးစွာ ထိတွေ့ဆက်ဆံနေမှုများကို လက်မခံ ပယ်ချတယ်ဆိုတော့ သင်တို့ရဲ့အမျိုးသားအကျိုးစီးပွား ကာကွယ်ဖို့အတွက်ဆို ဘယ်သူနဲ့ပေါင်းရ၊ ပေါင်းရ၊ ဘာပဲလုပ်ရ၊ လုပ်ရဆိုတဲ့သဘောလား ခါလီလာရာမန်၊ စကားထဲက ဇာတိပြဆိုသလို သင့်ရဲ့စကားကပဲ သင်တို့ရဲ့နောက်ကွယ်က အကြံအစည်များကို ရိပ်မိသိရှိရပါပြီ။

ဘာပဲပြောပြော သူပြောတဲ့နေရာက ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန ဖြစ်နေလေတော့ သူ့ရဲ့စကားဟာ သူ့နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒကို ထင်ဟပ်တာ အမှန်ပါပဲ။

မြန်မာနိုင်ငံအစိုးရအနေနဲ့တော့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပြဿနာတိုင်းမှာ သံတမန်ပီသစွာနဲ့ သိမ်မွေ့စွာ ထိတွေ့ဆက်ဆံတတ်ပါတယ်။ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နဲ့ ချင်းပြည်နယ်ကိစ္စမှာ လေးစားမှုကင်းမဲ့တဲ့ အိန္ဒိယအထက်လွှတ်တော်အမတ်တွေရဲ့ ပြောစကားအပေါ် ထိန်းထိန်းသိမ်းသိမ်းလုပ်ပေးဖို့လောက်သာ မြန်မာဘက်က တောင်းဆိုခဲ့ဖူးတာရှိတယ်။

ရာမန်က ပြောတယ်၊ သူ့နိုင်ငံဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပါတဲ့၊ ကိုယ့်အကျိုးစီးပွားနဲ့ ကိုယ်ပါတဲ့၊ မိမိအကျိုးအတွက်ဆို တွေ့ချင်တဲ့သူနဲ့တွေ့မယ်ဆိုပဲ၊ အလွန်ကို ပညာရှိ မဆန်တဲ့စကား၊ ပညာမပါတဲ့စကားပါပဲ၊ မိမိအကျိုးအတွက် ဆိုပေမယ့် သူတစ်ပါးအကျိုး ထိခိုက်နိုင်မယ့်လုပ်ရပ်မျိုးဆို ရှောင်သင့် ရှောင်ရပါမယ်၊ လိမ္မာပါးနပ်မှုရှိရပါတယ်၊ ခါလီလာရာမန်ရေ ။

အထူးသဖြင့် အိမ်နီးချင်းကောင်းဆိုရင် ပိုပြီး သတိထားရပါမယ် ရာမန်။ ဒါကိုပဲ လွတ်လပ်တဲ့ နိုင်ငံခြားရေးမူဝါဒလို့ဆိုသတဲ့၊ ပြောလည်း ပြောတတ်ပေ့ ရာမန်၊ မင်းတို့မှ လွတ်လပ်တဲ့နိုင်ငံနဲ့ လွတ်လပ်တဲ့ နိုင်ငံခြားရေးမူဝါဒရှိတာ မဟုတ်ဘူး၊ လွတ်လပ်တဲ့ အချုပ်အခြာပိုင်နိုင်ငံဖြစ်တဲ့ ငါတို့မြန်မာနိုင်ငံမှာလည်း လွတ်လပ်တဲ့နိုင်ငံခြားရေးမူဝါဒ ရှိတယ် ရာမန်။

အစွဲလွန် အကြံပေးကြီး သိသင့်တာက

ရာမန်ဆိုတဲ့လူက AA အကြမ်းဖက်သမားတွေကို အလွန့်အလွန် အထင်ကြီးလေးစားနေပုံရတယ်။ ပုလင်းတူဘူးဆို့၊ ဘုန်းကြီးရှူးနဲ့လှေလူးဆိုတော့ သူ့အနေနဲ့ AA ကို အကြမ်းဖက်အဖွဲ့လို့မမြင်ဘူး၊ ပြစ်မှုမျိုးစုံကျူးလွန်နေတဲ့ တရားခံတွေအဖြစ်လည်း မြင်ပုံမရဘူး။ သူကပြောတယ်.. AA က ငြိမ်းချမ်းရေးကို လိုလားတယ်၊ ငြိမ်းချမ်းရေး စကားပြောချင်သူဖြစ်တယ်၊ အပစ်အခတ်ရပ်စဲလိုတယ်ဆိုပြီး ရှေ့နေအခမဲ့ လိုက်ပေးနေတဲ့ ရာမန်တစ်ယောက်.. သိသင့်တာက အပစ်အခတ်ရပ်စဲထားတာက မြန်မာ့တပ်မတော်ဘက်ကပါ။ ငြိမ်းချမ်းရေးလိုချင်လို့ ငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက် ဖိတ်ခေါ်နေတာကလည်း မြန်မာအစိုးရအဆက်ဆက်နဲ့ မြန်မာ့တပ်မတော်ပါပဲ။ ရာမန်တစ်ယောက် မျက်စိမကန်း၊ နားမကန်းရင် မြင်အောင်ကြည့်၊ ဉာဏ်နဲ့ကြည့်၊ ပညာနဲ့ လေ့လာပါလို့ တိုက်တွန်းပါတယ်။

ဖုံးကွယ်ထားတဲ့အရာ မြင်ဖို့လို

ရာမန်ဆိုတဲ့လူက ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်တစ်လျှောက်မှာ လတ်တလော AA အကြမ်းဖက်သူပုန်တွေက ထိန်းချုပ်ထားတဲ့အပေါ်မှာ လက်ရှိနယ်စပ် အခြေအနေတွေအားလုံး ရာသက်ပန်မြဲသွားမယ်၊ မြန်မာ့တပ်မတော်ရဲ့ ထိန်းချုပ်မှုအောက် ဘယ်တော့မှ ပြန်မရောက်တော့ဘူးလို့ ထင်နေပုံရလားမသိ။ မြန်မာ့တပ်မတော်နဲ့ မြန်မာပြည်သူတွေကို အထင်သေးတဲ့ ဒီလောက်အထိ ဆင်ခြင်တုံတရားမဲ့ပုံမရဘူးလို့တော့ ယူဆချင်ပါတယ်။ သူတို့က လက်ရှိနယ်စပ်အခြေအနေကို တကယ့်အရှိတရားတစ်ခု ပကတိအမှန်တရားတစ်ခုအဖြစ် ထင်မြင်နေတယ်။ ဒါပေမယ့်သူတို့မှာ ဖုံးကွယ်ထားတဲ့ အစီအစဉ်တွေရှိနေတယ်။ လက်ရှိအခြေအနေကို အခွင့်ကောင်းယူပြီး သူတို့လိုချင်တာရှိပါတယ်။ နယ်ခြားမှာ ဘင်္ဂါလီ (သူတို့အခေါ် ရိုဟင်ဂျာတွေ) အခြေချခွင့်ကို ပိုင်ပိုင် နိုင်နိုင် ဖြစ်ချင်တာတစ်ခု အပြင် ဖြစ်နိုင်ရင် ရခိုင်ပြည်နယ်တစ်ခုလုံးသို့မဟုတ် အစိတ်အပိုင်းတစ်ခုမျှကို အနောက်အုပ်စုနဲ့ပေါင်းပြီး မရမက ထိန်းချုပ်ချင်နေပုံရတယ်။ ဒီလိုလားချက်အတွက် AA ကို အသုံးချချင်နေပုံရတယ်။ ဒါကြောင့်လည်း ဒီလိုစကားတွေ ပြောထွက်နေတယ်ဆိုတာ မြန်မာပြည်သူတစ်ယောက်အနေနဲ့ ရိပ်မိပါတယ်။

ဘာပဲပြောပြော သူတို့အနေနဲ့ သူတို့နိုင်ငံထဲက လူဦးရေဖောင်းပွနေတဲ့ ဘင်္ဂါလီတွေကို ရခိုင်ပြည်နယ်ထဲ သွတ်သွင်းပြီး သိမ်းပိုက်ချင်နေတာကြာပါပြီ။ ရှိတ်ဟာစီနာ လက်ထက်မှာ နှစ်နိုင်ငံနယ်ခြားတစ်ခုမှာ ခရစ်ယာန်နယ်မြေတစ်ခု ထူထောင်ချင်နေတဲ့ အနောက်အုပ်စုရဲ့ အလိုတော်ရိအဖြစ် သူကိုယ်တိုင် မခံယူခဲ့တာကြောင့် ဝန်ကြီးချုပ်အဖြစ်ကနေ ပြုတ်သွားခဲ့ရပြီး အနောက်အုပ်စုလက်ဝေခံ ယူနွတ်တက်လာတဲ့အဖြစ်ကို ပြန်ပြောင်းဆက်စပ်ကြည့်ရင် သိနိုင်ပါတယ်။

အိမ်နီးချင်းကောင်း ပီသပြီးသားပါ

ဘင်္ဂလားဒေ့ရှ်အနေနဲ့က ပြောရရင် မြန်မာမန္တလေးလျှင်ကြီးမှာ နိုင်ငံတော်အစိုးရက အကူအညီမတောင်းခင်မှာတင် မြန်မာနိုင်ငံကို ပြန်လည်ကယ်ဆယ်ရှာဖွေရေးမှာ အကူအညီပေးခဲ့တာမှန်ပါတယ်။ ဒီအတွက် မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူအားလုံးက ကျေးဇူးမမေ့ပါဘူး။ ကျေးဇူးလည်း မကန်းပါဘူး။ မြန်မာပြည်သူတွေက အလွန်ဖော်ရွေတတ်ပါတယ်။

သစ္စာလည်း ရှိကြတယ်။ အိမ်နီးချင်းကောင်းပီသစွာ နေလိုသူတွေလည်းဖြစ်ပါတယ်။ နယ်ချဲ့လက်အောက်က ရုန်းထွက်ခဲ့သူတွေပီပီ ဖွံ့ဖြိုးဆဲဘဝတူချင်းပီပီ နိုင်ငံတည်ဆောက်ရေး၊ ဒေသတည်ငြိမ်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးမှာ အတူလက်တွဲလုပ်ဆောင်သွားကြဖို့ ဆန္ဒအမြဲရှိပါတယ်။ အားလုံးမှတ်မိကြမယ် ထင်ပါတယ်၊ ၁၉၇၂ ခုနှစ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စတင်လွတ်လပ်ရေးရတဲ့အချိန်မှာ သင်တို့ရဲ့ လွတ်လပ်ရေးကို အစောဆုံးအသိအမှတ်ပြုခဲ့တဲ့ အိမ်နီးချင်းနိုင်ငံဟာ မြန်မာနိုင်ငံဖြစ်ပါတယ်။

နောက်ပိုင်း ခေတ်အဆက်ဆက်ရှိနေတဲ့ ဘင်္ဂါလီလူမျိုးတွေ ပြန်ပို့ရေးကိစ္စအပါအဝင် နှစ်နိုင်ငံနယ်ခြားပြဿနာမှန်သမျှ အေးချမ်းတည်ငြိမ်စွာ အတူညှိနှိုင်းဖြေရှင်း ဆောင်ရွက်နေတာချည်းပါပဲ။ မြန်မာနဲ့ဘင်္ဂလားဒေ့ရှ်တို့ဟာ BIMSTEC နဲ့ BCIM လို အဖွဲ့အစည်းတွေမှာ အတူလက်တွဲပါဝင်တဲ့ နိုင်ငံတွေလည်းဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့တော့ ဘယ်နိုင်ငံရဲ့ ဘယ်လိုပြဿနာကိုမှ ဝင်ရောက်နှောင့်ယှက်တာ ဝင်ရောက်စွက်ဖက်တာ ဘာတစ်ခုမှ မရှိခဲ့ပါဘူး။ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံရဲ့ အစိုးရကို ပုန်ကန်ခြားနားတဲ့ ဘယ်လိုသူပုန်မျိုး၊ ဘယ်လို အတိုက်အခံကိုမှလည်း အားမပေးခဲ့ဖူးပါ။ အိမ်နီးချင်းကောင်းပီသတဲ့ ဂုဏ်ယူရတဲ့ အချက်ကို မြန်မာပြည်သူတွေက အမြဲစောင့်ထိန်းပါတယ်။ အိမ်နီးချင်းနိုင်ငံအားလုံးနဲ့ မြန်မာနိုင်ငံအကြား တည်ရှိနေတဲ့ အိမ်နီးချင်းကောင်း မိတ်ဆွေကောင်း ဆက်ဆံရေးကို မြန်မာနိုင်ငံဘက်က အစဉ်တစိုက် ထိန်းသိမ်းဆောင်ရွက်ပါတယ်။ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အမြဲတန်ဖိုးထားပါတယ်။

အသိ သတိနဲ့ပညာရှိကြပါ

အဓိက လိုရင်းကတော့ ဘယ်လိုအခြေအနေဖြစ်လာလာ မြန်မာတိုင်းရင်းသား ရခိုင် အပါအဝင် ဘယ်တိုင်းရင်းသား၊ ဘယ်လူမျိုးမှ ဘယ်နယ်မြေမှ ပျောက်ပျက်မသွားဖို့ အရေးကြီးပါတယ်။ ပီပီပြင်ပြင် ထူထူထောင်ထောင်ဖြစ်နေတဲ့ ဒီမြန်မာပြည်မြေပုံလေး ဖြစ်တည်မြဲနေဖို့ သမိုင်းအဆက်ဆက် အသက်သွေးချွေး ဘယ်လောက် ပေးဆပ်ခဲ့ရသလဲ၊ ဉာဏ်ရှိ သတိရှိကြဖို့ အရေးကြီးပါတယ်။ ဒါကြောင့် မြန်မာအရေးနဲ့ပတ်သက်ပြီး ပြည်ပက ဘယ်လိုလူစားမျိုးကမှ ဘာစကားပဲ ပြောလာပြောလာ၊ ရည်ရွယ်ချက်နဲ့ အတိမ်အနက်ကို ခွဲခြမ်းစိတ်ဖြာသုံးသပ်နေရမယ်လို့ ယူဆပါတယ်။

အသိနဲ့သတိဆိုတာ ပိုတယ်မရှိပါဘူး။ အထူးသဖြင့် မျိုးချစ်စိတ်အခြေခံတဲ့ အမျိုးသားရေးသတိနဲ့ နိုင်ငံရေးအသိပါပဲ။ ထားရှိရမယ့် အမျိုးသားလုံခြုံရေးသတိနဲ့ အမျိုးသားရေး တာဝန်လည်းဖြစ်ပါတယ်။ ရုပ်ပိုင်းစိတ်ပိုင်း ပြန်လည်တည်ဆောက်ရမယ့် တာဝန်တွေလည်းဖြစ်နေတယ်။ ငလျင်နဲ့အတူ ပြိုကျခဲ့တဲ့အဆောက်အအုံတွေ အသစ်ပြန်လည်တည်ဆောက်နေရသလို ကျဆင်းသွားတဲ့ စိတ်ပိုင်းဆိုင်ရာတွေ အများကြီး ပြန်လည်တည်ဆောက်ရပါဦးမယ်။ အနာဂတ်မျိုးဆက်တွေကို အဆက်မပြတ် လက်ဆင့်ကမ်းသွားရမယ့် အသိနဲ့ပညာတွေရှိနေတယ်။ အနာဂတ် သားသမီးတွေကို အမွေပေးတယ်ဆိုတဲ့နေရာမှာ ပညာအမွေ၊ ဥစ္စာအမွေအပြင် အမျိုးသားရေးအမွေပါ ထည့်သွင်းပေးဖို့လိုနေတယ်။ ပြည်ပက နယ်ချဲ့လက်သစ်ကိုလိုနီတွေက မြန်မာတွေ အားလုံး ချွတ်ခြုံကျအောင် လုပ်နေတယ်ဆိုတာ မမေ့ဖို့လိုတယ်။ နည်းလမ်းအားလုံးနဲ့ နိုင်ငံကို အမှောင်ဖုံးအောင် လုပ်နေကြတယ်ဆိုတာ သတိမပြတ်ပါစေနဲ့လို့ တိုက်တွန်းပါရစေ။

စာမျက်နှာ ၁၁ သို့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး
စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂) ရက်နေ့မှ ဇွန်လ (၁) ရက်နေ့

ပညာရေးဝန်ကြီးဌာန

၂၀၂၅-၂၀၂၆ ပညာသင်နှစ်

“အသိပေးကြေညာချက်”

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

“၂၀၂၅-၂၀၂၆ ပညာသင်နှစ်”

အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာသိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ (၄)ချောင်း၊ ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

(ဂ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ(၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ (၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း)(ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

(ဌ) ကောဒသမတန်း (Grade 11) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း)(ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ (ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+ သမိုင်း) (ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

စာမျက်နှာ ၁၀ မှ

ဒီလိုအချက်အလက်တွေကြောင့် အချိန်ယူပြီး၊ သည်းခံပြီး စောင့်ပါလို့သာ ပြောပါရစေ ရာမန်၊ သင့်အနေနဲ့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာကို လေးစားပါ၊ သမိုင်းနဲ့ယှဉ်ပြီး တည်ရှိတဲ့ ရခိုင်ပြည်နယ်ဟာ မြန်မာပိုင်နယ်မြေဖြစ်ကြောင်း နားလည်ပေးပါ။ ဒါကြောင့် မြန်မာပြည်သူတွေကို အလေးထားပါလို့ ပြောချင်တယ် ရာမန်ရေ၊ သင်တို့ ကြောင့် ဒေသတွင်း မတည်မငြိမ်နိုင်တာကို ထည့်တွက်ပေးပါ၊ အိမ်နီးချင်း တိုင်းပြည်အရေးဝင်စွက်ပြီး ဖြစ်သင့်တာထက်ဖြစ်ချင်တာကို စိတ်ကူးမယဉ်ပါနဲ့ ရာမန်။

သင်တို့ရဲ့ မလိုလားအပ်တဲ့ အပြောအဆိုအပြုအမူတွေကြောင့် ဘင်္ဂလားဒေ့ရှ်ဟာ အမေရိကန်ကိုယ်စား မြန်မာနဲ့တရုတ်ကို ကိုယ်စားပြုစစ်ပွဲဆင်နွှဲရာရောက်နေကြောင်း နိုင်ငံတကာက ထင်မြင်ယူဆသွားနိုင်ခြေကိုလည်း သတိထားသင့်တယ်လို့ အကြံပြုပါရစေ။ ဒေသတွင်း ပထဝီနိုင်ငံရေးသက်ရောက်နိုင်မှု အခြေအနေအားလုံးကိုလည်း ထည့်သွင်းစဉ်းစားသင့်တယ်လို့ ယူဆပါတယ်။ သင်တို့လိုချင်နေတဲ့ Humanitarian Corridor နေရာကနေ နိုင်ငံတကာကလူသတ်လက်နက်တွေ ထားသိုရာ စကြံဖြစ်သွားနိုင်ခြေကိုလည်း ထည့်တွက်ပါဦး။ လူသားချင်းစာနာထောက်ထားမှု စင်္ကြံနေရာမှာ မတည်မငြိမ်ဖြစ်နေတဲ့ နယ်စပ်မှာ တရားမဝင်လက်နက်ကိုင်တွေနဲ့ပေါင်းပြီး ပါဝင်စွက်ဖက်မှုက အပြည်ပြည်ဆိုင်ရာ ဥပဒေများနဲ့ နိုင်ငံများအချုပ်အခြာများအတွက် အလွန်အန္တရာယ် များတယ်ဆိုတာ ပညာရှိသတိဖြစ်ခဲ့မို့သတိထားဖို့အမျိုးသားလုံခြုံရေး အကြံပေး မစ္စတာခါလီလာ ရာမန်ကြီးကို မြန်မာပြည်သူတစ်ယောက်ကနေ အကြံပေးလိုပါတယ်။

လက်ရှိအခြေအနေအရ သင်တို့နိုင်ငံတွင်းပြဿနာကိုသာ တည်တည်ငြိမ်ငြိမ်နဲ့ ဖြေရှင်းနိုင်ရေး ဦးစားပေးစေချင်ပါတယ်။ ရွေးကောက်ပွဲဝင်မယ့် မိမိပါတီအနိုင်ရရေး နိုင်ငံရေးမဲဆွယ်ရာမှာ အသုံးချဖို့ မြန်မာနယ်စပ်အရေးကို အသုံးချခံသက်သက်လုပ်ဖို့ မိုက်တွင်းမနက်ပါနဲ့လို့ပဲ ဆိုပါရစေ။ နောက်ဆုံး မြန်မာပြည်သူတစ်ယောက်အနေနဲ့ သတိပေးချင်တာက နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားစေမယ့် အပြောအဆို အပြုအမူအားလုံးကို သတိထား ရှောင်ရှားပေးဖို့ပါပဲ။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှု

မုံရွာ မေ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီး-ဆင်သေ-လဟယ်လမ်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် မိုင်တိုင်အမှတ် (၃၃-၃၄) ကြား မျက်ကွယ်ကုန်းဖြတ်ခြင်းလုပ်ငန်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့်နေရာ၊ အမြင့်ပေ ၄၉၉၇ ပေရှိ ထိန်ညိုတောင်ရှူခင်းသာဇျူးပွိုင့် ဆောင်ရွက်မည့်နေရာနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လဟယ်မြို့အဝင် မိုင်တိုင်အမှတ် (၅၁-၅၂) ကြား လမ်းတာချဲ့ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား ပြန်လည်ဖြေဆိုကြမည့် လဟယ်မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၂၃၀ ကို လဟယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စခန်းသွင်းသင်ကြားပေးနေမှုများနှင့် လဟယ်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ဆရာ ဆရာမများကို ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်း သင်ကြားနေမှုများအား သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် အဆိုပါကျောင်းဝင်းအတွင်းရှိ ချယ်ရီမြိုင်ခန်းမ၌ ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း တက်ရောက်နေကြသည့် ဆရာ ဆရာမများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီးအားပေးစကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်ပညာရေးမှူးထံ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စားသောက်စရိတ် ငွေကျပ်သိန်း ၂၀၀ နှင့် ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်း တက်ရောက်နေကြသည့် ဆရာ ဆရာမများအတွက် ငွေကျပ်သိန်း ၃၀ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့နယ်အတွင်းရှိ ဟွေထိုက်ချောင်းပေါ်တွင် ရေထိန်းတမံ တည်ဆောက်၍ ရေအားအမြင့်ကို အသုံးပြုလျက် ၄ မဂ္ဂါဝပ်တပ်ဆင်စက်အင်အားရှိ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည့် ဟွေထိုက်အသေးစား ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကုန်ကြမ်းပစ္စည်းများ လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေးနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်သွားရေး မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လဟယ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသည့် ဒေသခံတိုင်းရင်းသားများအား တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများပေးအပ်ပြီး ဆေးရုံအုပ်ကြီးထံ ဆရာဝန်၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျိုင်းတုံမြို့ နမ့်ခင်ချောင်း သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကျိုင်းတုံ မေ ၁၆

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်အစိုးရအဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာ ကျိုင်းဖောင်းကျေးရွာအနီး နမ့်ခင်ချောင်း သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နမ့်ခင်ချောင်း သဲနုန်းတူးဖော်ပေါင်ဆင့်ခြင်းလုပ်ငန်းတွင် တူးဖော်မည့်အလျားပေ ၉၅၀၀၊ အောက်ခြေအကျယ်ပေ ၆၀၊ ပျမ်းမျှအနက် ၃ ပေ ၆ လက်မ မြေကြီးကျင်းပမာဏ ၂၃၇၈၅ ကျင်း၊ အကျိုးပြုဧရိယာကေ ၃၆၅၀ ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ- တာချီလိတ်လမ်း(တာကော်-မိုင်းပျဉ်း-ကျိုင်းတုံအပိုင်း)၊ မိုင် (၃၆၆/၇)အနီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်းပျဉ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မိုင်းပျဉ်းမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် မျိုးစေ့ပေးအပ်ပွဲသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချိုနိုင်ထွန်းက မျိုးစေ့ထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဝမ်ဖြစ်ကျေးရွာအုပ်စု၊ ဆင်မောင်းကျေးရွာအုပ်စု၊ ပန်နောင်လုံကျေးရွာအုပ်စု၊ နောင်ကွဲကျေးရွာအုပ်စု၊ ဖါဝေါကျေးရွာအုပ်စု၊ နားကျောင်းကျေးရွာအုပ်စု၊ ယမ်းမိုင်ကျေးရွာအုပ်စုရှိ တောင်သူများအား မျိုးစေ့ထောက်ပံ့ ပေးအပ်ကြကာ ဒေသအတွက်သောက်သုံးရေရရှိရေး အခက်အခဲများနှင့် စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တောင်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခေါက်လှိုင်ပေါက်စပါးမျိုး၊ ခေါက်လှိုင်းစပါးမျိုး၊ ခေါက်မွှန်စပါးမျိုး၊ DU16စပါးမျိုး၊ ရွှေရင်အေးစပါးမျိုး၊ ကုန်းမြင့်၂စပါးမျိုး၊ ခေါက်လှိုင်ဟွမ် စပါးမျိုး၊ ခေါက်လှိုင်ဆမ်ကန်းစပါးမျိုး၊ တာပဲကူ စပါးမျိုးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းပျဉ်း ဆောက်လုပ်ရေး ဦးစီးဌာန ဧည့်ရိပ်သာသို့ရောက်ရှိပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရဇော်က တာကော်-မိုင်းပျဉ်းလမ်းအပိုင်း ၂၉ နေရာ၌ လမ်းတာချဲ့ခြင်း၊ လမ်း ၃၄ ပေ အကျယ် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က လမ်းတာချဲ့ဆောင်ရွက်သည့်နေရာ၊ ကျောက်လမ်းနှစ်ဖက် ချဲ့ခြင်းနေရာ၊ ကျောက်စီရေမြောင်းနေရာ ဆောင်ရွက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရှိရသည်။

ပြည်နယ်(ပြန်/ဆက်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ၁၀ မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား တက်ရောက်ဆုချီးမြှင့်

မော်လမြိုင် မေ ၁၆

၂၀၂၅ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် (၂၅)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား

ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မော်လမြိုင်မြို့နယ် ဘော်လီဘောအသင်းနှင့် ကျိုက်မရောမြို့နယ် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအလိုက် အကောင်းဆုံးအားကစား ထူးချွန်ဆုရရှိသူများ၊ အသင်းလိုက် ပူးတွဲတတိယဆုရရှိသူများအား ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ဒုတိယဆုရ ကျိုက်မရောမြို့နယ်အသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုးက လည်းကောင်း၊ ပထမဆုရ မော်လမြိုင်မြို့နယ်အသင်းအား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုက်ကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၆

ရန်ကုန်တိုင်းဒေသကြီ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ်၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၁) မိုင်တိုင် (၃၂/၇-၃၃/၂) အတွင်း ယာဉ်သွားလာမှု အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်နေသည့် လမ်းကွေ့များ မြေသားပေါင်တိုးချဲ့ခြင်းလုပ်ငန်း အခြေအနေအား ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြေသားပေါင်ခိုင်ခံ့မှုရှိစေရေးနှင့် လုပ်ငန်းကို အချိန်မီပြီးစီးနိုင်ရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ချောင်း ချောင်းပိတ်တမံ၏ ရေသိုလှောင်နိုင်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ၊ မွေးမြူရေးဇုန်သို့ ရေပေးဝေမှု၊ တမံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅ ခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးနိုင်ရေး တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု လသာကုန်းကျေးရွာရှိ လသာကုန်းအမြဲတမ်းပျိုးဥယျာဉ်တွင် သစ်တောဦးစီးဌာနမှ ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မှန်ပြတောင်အတက် လမ်းဘေး ဝဲ/ယာ စိန်ပန်းပင်များ စိုက်ပျိုးရန်၊ မြို့အဝင် လမ်းဘေး ဝဲ/ယာ သစ်ပင်များ ရှင်းလင်းရန် စသည်တို့ကို မှာကြားသည်။

တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု၊ လသာကုန်းကျေးရွာရှိ လသာကုန်းအမြဲတမ်း ပျိုးဥယျာဉ်တွင် တိုက်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်း သစ်ပင်စိုက်ပျိုးနိုင်ရေး ပျဉ်းကတိုး ၅၀၀၀၊ ပိတောက် ၁၀၀၀၊ မဟော်ဂနီ ၅၀၀၀ နှင့် ခရေ ၁၀၀၀ စုစုပေါင်းအပင် ၁၂၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ဒွဲထက်ကို(ပြန်/ဆက်)

Print, Sign & ICT Expo 2025 ပြပွဲကြီး စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသည့် Print, Sign & ICT Expo 2025 ပြပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းလျားလိပ်ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center (YCC)၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသခဲ့သည်။

"အခုကျင်းပတဲ့ ပြပွဲကို ကျွန်တော်တို့ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရဲ့ ညီနောင်အသင်းတွေနဲ့ ပူးပေါင်းပြီး ပြသတာပါ။ နိုင်ငံတကာမှာလည်း အခုလိုပြပွဲတွေကျင်းပပြီး တိုင်းပြည်အတွက်၊ လုပ်ငန်းရှင်တွေအတွက်၊ ပြည်သူအတွက် အကျိုးရှိအောင် ဆောင်ရွက်နေတာတွေကို တွေ့ရမှာဖြစ်ပါတယ်။ တစ်နေရာတည်းမှာ Print နဲ့ပတ်သက်တဲ့ နည်းပညာတွေ၊ ကွန်ပျူတာနဲ့ပတ်သက်တဲ့ နည်းပညာတွေ၊ အိုင်တီနဲ့ပတ်သက်တဲ့ နည်းပညာတွေကို တစ်နေရာတည်းမှာ လေ့လာဝယ်ယူနိုင်စေရန်အတွက် မေ ၁၆ ရက်မှ ၁၈ ရက်အထိ ခင်းကျင်းပြသတာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်စံက ပြောသည်။

ပြပွဲတွင် ကုမ္ပဏီပေါင်း ၅၀ မှ ဆိုင်ခန်းပေါင်း ၁၃၆ ခန်းဖြင့် Print နှင့်ပတ်သက်သော Large Format Printer, DTF Printer, UV Printer, Display Equipment များ၊ Sign နှင့်ပတ်သက်၍ Laser Machine, Fiber Machine, Bending Machine, LED Lighting Equipment, Acrylic များ၊ ICT နှင့်ပတ်သက်၍ Computer, Laptop, Printer နှင့် ဆက်စပ်ပစ္စည်းများကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

ပြည်ကြီးတံခွန်မြို့နယ်၌ မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ပဌမအကြိမ် အတည်ပြုမှုကြမ်း စိစစ်ဆောင်ရွက်

မန္တလေး မေ ၁၆

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၁၅ လမ်းနှင့် ၆၁ x ၆၂လမ်းကြား (ဃ) ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ပဌမအကြိမ် အတည်ပြုမှုကြမ်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ်ဦးစီးမှူးရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့တို့က စိစစ်ဆောင်ရွက်ကြသည်။

ထိုသို့ စိစစ်ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးအောင်သွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးမင်းစိုးနိုင်တို့က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

၂၂၂

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ။

မြောင်းမြမြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူ

မြောင်းမြ မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ယနေ့ နံနက်ပိုင်းက မြို့မအားကစားကွင်းထောင့်၌ စိုက်ထူခဲ့သည်။

အဆိုပါ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကို၊ မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်နှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**

သာယာဝတီမြို့နယ် ဒူးတိုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြီးစီးမှုကွင်းဆင်းစစ်ဆေး

သာယာဝတီ မေ ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးဒေါင့်ကန်ကျေးရွာအုပ်စု ဒူးတိုကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ဒူးတိုကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၁၆၇၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒူးတိုကျေးရွာ၌ အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်းအတိုးရငွေကျပ် ၉၉ သိန်းကို အသုံးပြုကာ မြို့နယ်ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ညွှန်ကြားမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဧပြီလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ **မောင်ခိုင်**

လွန်ခဲ့သည့် ၁၂ နာရီအတွင်း ဂါဇာမြောက်ပိုင်း၌ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၉ ဦးထက်မနည်းသေဆုံး

ဂါဇာ မေ ၁၆

ဂါဇာကမ်းမြောင်ဒေသ၌ လွန်ခဲ့သည့် ၁၂ နာရီအတွင်း အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူ စုစုပေါင်း ၁၀၀ ကျော်ရှိကြောင်း ဂါဇာ အရပ်ဘက်ကာကွယ်ရေးက မေ ၁၆ ရက်တွင် ပြောကြားသည်။

မေ ၁၆ ရက်တွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၉ ဦးထက်မနည်း သေဆုံးပြီး ၂၁၆ ဦး ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း ပါလက်စတိုင်းဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားသည်။

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်း ဂျာဘာလီယာနှင့် ဘက်လာဟီယာရှိ လူနေအိမ်များနှင့် အမိုးအကာများကို ပစ်မှတ်ထားကာ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကို မေ ၁၆ ရက် နံနက် အစောပိုင်းမှစကာ အဆက်မပြတ် ပြုလုပ်ခဲ့ကြောင်း၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ မရောက်ရှိသေးသည့် နေရာအပျက်အစီးများအောက်တွင် ပိတ်မိနေသူများလည်း ရှိနေသေးကြောင်း မျက်မြင်သက်သေများနှင့် လုံခြုံရေးသတင်းရင်းမြစ်များက ပြောကြားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း သေဆုံးသူစုစုပေါင်း ၅၃၁၁၉ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၁၂၀၂၁၄ ဦးရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက မေ ၁၆ ရက်တွင် ပြောကြားသည်။

ဆင်ဟွာ

အစ္စရေးနိုင်ငံ ဘင်ဂူရီယန်လေဆိပ်ကို ဒုံးကျည်ဖြင့်တိုက်ခိုက်မှုပြုလုပ်ခဲ့ဟု ဟူသီပြော

ဆားနား မေ ၁၆

အစ္စရေးနိုင်ငံ အလယ်ပိုင်းရှိ ဘင်ဂူရီယန်လေဆိပ်ကို မေ ၁၅ ရက် ညပိုင်းက ပဲ့ထိန်းဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ယီမင်နိုင်ငံမှ ဟူသီအုပ်စုက ပြောသည်။

ယင်းည၌ပင် အစ္စရေးကာကွယ်ရေးစနစ်က အဆိုပါဒုံးကျည်ကို ကြားဖြတ်ဟန့်တားလိုက်နိုင်သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ အသံထက်မြန်သည့် ပဲ့ထိန်းဒုံးကျည်ကို အသုံးပြုပြီး ဘင်ဂူရီယန်လေဆိပ်ကို ပစ်မှတ်ထားကာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဟူသီအုပ်စု၏ ပြောရေးဆိုခွင့်ရှိသူ ယာ့ယာ ဆရီယာက ပြောသည်။

ဂါဇာကမ်းမြောင် ဒေသ၌ ပိတ်ဆို့ထားမှုများကို အစ္စရေးဘက်မှ ဖယ်ရှားမပေးသရွေ့ ဘင်ဂူရီယန်လေဆိပ်၌ လေကြောင်းသွားလာမှုကို တားမြစ်ပိတ်ပင်မှု ဆက်လက်လုပ်ဆောင်သွားမည်ဟု ၎င်းကဆက်ပြောသည်။ မေ ၁၅ ရက် ညပိုင်းကပင် ယီမင်ဘက်မှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ပြည်သူများ ထိတ်လန့်မှုနှင့် ခိုလှုံရာနေရာသို့ အပြေးအလွှားသွားနေစဉ် လူအများအပြား ထိခိုက်ဒဏ်ရာရခြင်းမှလွဲ၍ အသေအပျောက်မရှိကြောင်း အစ္စရေးနိုင်ငံ၏ အမျိုးသားအရေးပေါ်ဝန်ဆောင်မှုက ပြောသည်။

ဆင်ဟွာ

ယူရေနီယံသန့်စင်ရေးစက်ရုံများကို အီရန် ဖျက်သိမ်းသွားမည်မဟုတ်ဟု ဆို

တီဟီရန် မေ ၁၆

တိုင်းပြည်အတွင်းရှိ ယူရေနီယံသန့်စင်ရေးစက်ရုံများကို ပိတ်သိမ်းသွားမည်မဟုတ်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက်အဘတ်စ်အာဂရက်ချီက မေ ၁၅ ရက်တွင်အလေးအနက်ထား ပြောကြားခဲ့ကြောင်း ဖားစ် နယူးစ်အေဂျင်စီတွင် ဖော်ပြထားသည်။ အီရန်နိုင်ငံ မြို့တော် တီဟီရန်၌ ပြုလုပ်သည့် (၃၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်တွင် ၎င်းက ပြောကြားသည်။

အိုမန်နိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် အမေရိကန်နှင့်ပြုလုပ်နေသည့် နျူကလီးယားဆွေးနွေးပွဲတွင် အီရန်၏ ရပ်တည်ချက်များကို ၎င်းက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ နျူကလီးယားကိစ္စနှင့် ပတ်သက်ပြီး ယုံကြည်မှုတည်ဆောက်ပြီး ပွင့်လင်းမြင်သာမှုကို ပေးစွမ်းမည်ဖြစ်သော်လည်း ယူရေနီယံသန့်စင်မှုကို စွန့်လွှတ်မည်မဟုတ်ဟု ၎င်းက ပြောသည်။

ယူရေနီယံသန့်စင်မှုစက်ရုံများကို ဖျက်သိမ်းမည်မဟုတ်ဟု ၎င်းကဆက်ပြောသည်။ အီရန်သည် ၎င်း၏ နျူကလီးယားအခွင့်အရေးကို လက်ကိုင်ထားပြီး အမေရိကန်နှင့် ဆွေးနွေးပွဲမှတစ်ဆင့် ပိတ်ဆို့အရေးယူမှုများကို သက်သာရာရစေရန် ကြိုးပမ်းခဲ့ကြောင်း၊ ပိတ်ဆို့အရေးယူမှုများ ဖယ်ရှားပေးရန်အတွက် အခြားသောဘက်မှ ပွင့်လင်းမြင်သာမှုနှင့် ယုံကြည်မှု တည်ဆောက်ရန် အသင့်ရှိကြောင်း ၎င်းက ပြောသည်။

ဆင်ဟွာ

၄၂ ရက်အတွင်း အာဖဂန်ဒုက္ခသည်ပေါင်း ၁၇၀၀၀၀ ကျော် နေရပ်ပြန်

ကာဘူးလ် မေ ၁၆

ပြီးခဲ့သည့် ၄၂ ရက်အတွင်း အာဖဂန် ဒုက္ခသည်ပေါင်း ၁၇၀၀၀၀ ကျော် နေရပ်ပြန်သွားသည်ဟု ဒုက္ခသည်များပြန်လည်လက်ခံရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူတာလစ် ဟတ်ကာနီ က ပြောသည်။

ဧပြီ ၁ ရက်မှ မေ ၁၂ ရက်အတွင်း နေရပ်ပြန်သွားသည့် ဒုက္ခသည်ပေါင်း ၁၇၀၉၃၇ ဦးရှိသည်ဟု မေ ၁၅ ရက်တွင် ၎င်းက ပြောသည်။

၎င်းတို့ထဲမှ ဒုက္ခသည်ပေါင်း ၁၂၈၀၄၈ ဦးမှာ ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာကြသူများဖြစ်ပြီး ကျန်ဒုက္ခသည်များမှာ အီရန်နှင့် တူရကီယဲနိုင်ငံတို့မှ အာဖဂန်နစ္စတန်သို့ နေရပ်ပြန်လာကြသူများဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် အာဖဂန်နိုင်ငံသား ၃၃၇၂ ဦးကို အကျဉ်းထောင်များမှ ပြန်လွှတ်ပေးခဲ့ပြီး ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အိမ်နီးချင်း အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့သို့ ရောက်ရှိနေသည့် အာဖဂန်ဒုက္ခသည်ပေါင်း နှစ်သန်းနီးပါးမှာ လွန်ခဲ့သည့်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာခဲ့ကြသည်။ **ဆင်ဟွာ**

ဗီယက်နမ်နိုင်ငံ၌ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးနေရာ မြေပြိုကျမှုကြောင့် အလုပ်သမား ငါးဦးထက်မနည်း သေဆုံး

ဟန္နိုင်း မေ ၁၆

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း တောင်တန်းပြည်နယ် လိုင်ချောင်ရှိ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးနေရာ၌ မေ ၁၆ ရက်က မြေပြိုကျမှုဖြစ်ပွားသဖြင့် အလုပ်သမား ငါးဦးထက်မနည်း သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

ဖောင်သိုခရိုင် Ta Pao Ho 1A ရေအားလျှပ်စစ်စက်ရုံ၌ နံနက် ၁၀ နာရီခွဲခန့်က မြေပြိုကျမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါနေရာ၌ မြေဆီလွှာနှင့် ကျောက်သားများက လျှောကျသဖြင့် အလုပ်သမားအများအပြားကို မြုပ်သွားကြောင်း သိရသည်။

အာဏာပိုင်များက မြေပြိုမှုဖြစ်ပွားရသည့် အကြောင်းရင်းများကို စုံစမ်း စစ်ဆေးနေကြောင်း သိရသည်။

ဆင်ဟွာ

မလှိုင်မြို့နယ်တွင် မဲစာရင်းပြုစုရာ၌ အခြေခံရမည့် လူဦးရေစာရင်း(ပဥ္စမအကြိမ်)အတည်ပြုမှုကြမ်း ပူးပေါင်းစစ်ဆေး

မလှိုင် မေ ၁၆

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန "ဇေယျာအောင်သံ" အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက မဲစာရင်းပြုစုရာ၌ အခြေခံရမည့် လူဦးရေစာရင်း (ပဥ္စမအကြိမ်) အတည်ပြုမှုကြမ်း ပူးပေါင်းစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်နေမှုကို မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ အတွင်းရေးမှူး ဦးသိန်းဟန်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်စိုးမြတ်သဇင်တို့က ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး ဆောင်ရွက်ရာတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူထားရှိသော လူဦးရေစာရင်း(ပဥ္စမမူကြမ်း)ကို ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သင့်သူများ မပါဝင်စေရေးနှင့် အတည်ပြုသင့်သူများ မကျန်ရှိစေရေး စိစစ်ဆောင်ရွက်ကာ အသက် ၁၈ နှစ် ပြည့်မီပြီး အတည်ပြုရမည့်သူများ မကျန်ရှိစေရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများ ပူးပေါင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြထွန်း(မလှိုင်)

မင်းဘူး(စကု)မြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများဖွင့်လှစ်

မင်းဘူး မေ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းနှင့် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများကို မေ ၁၅ ရက် နံနက်ပိုင်းက ပိုက်သင်စံပြကျေးရွာ၊ ကမ်းနီကျေးရွာနှင့် နန်းဦးကျေးရွာတို့၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မင်းဘူးခရိုင် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းသားများထံ သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

ပိုက်သင်စံပြ ကျေးရွာနှင့် နန်းဦးကျေးရွာတို့၌ အခြေခံစက်ချုပ် နည်းပညာသင်တန်း၊ ကမ်းနီကျေးရွာ၌ အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းတစ်ခုတွင် သင်တန်းသား ၁၅ ဦးနှုန်းဖြင့် သင်တန်းကာလမှာ စက်ချုပ်နည်းပညာသင်တန်းတွင် အခြေခံနှင့် မွမ်းမံသင်တန်းအဖြစ် ရက်ပေါင်း ၄၅ရက်၊ စားသောက်ကုန်သင်တန်းတွင် အခြေခံနှင့် မွမ်းမံသင်တန်းအဖြစ် ရက်ပေါင်း ၁၄ ရက် သတ်မှတ်ပြီး လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်သည်အထိ စာတွေ့လက်တွေ့ဖြင့် စနစ်တကျဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်သည်။

မောင်မောင်(မင်းဘူး)

ပန်းတနော်မြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်တင်ပွဲ ကျင်းပ

ပန်းတနော် မေ ၁၆

ပန်းတနော်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၏ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၂၅ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားပြီး ကျောင်းနေအရွယ် ကလေးများအားလုံး အခြေခံပညာ သင်ကြားနိုင်စေရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေအတွက် ပန်းတနော်မြို့နယ်၏ လူစည်ကားရာနေရာဖြစ်သည့် အလယ်ပိုင်းရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ၌ ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်းဘုတ်ကို ယနေ့နံနက် ၇ နာရီက စိုက်ထူခဲ့ကြသည်။

အဆိုပါ ကျောင်းအပ်နှံရေး သီတင်းပတ် ဆိုင်းဘုတ်တင်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျိုက်လတ်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်

ကျိုက်လတ် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ယမန်နေ့ နံနက်၉ နာရီက သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး လေ့ကျင့်ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မောင်နှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များနှင့် လူမှုကူညီရေးအသင်းများက သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် လျှပ်စစ်အန္တရာယ်ကြုံတွေ့ပါက ကူညီကယ်ဆယ်ရေးယာဉ်များထွက်ခွာမှု၊ အဆောက်အအုံအတွင်း ပိတ်မိနေသည့်သူများ ရှာဖွေကူညီကယ်ဆယ်နေမှု၊ ထိခိုက်ဒဏ်ရာရရှိသူများကို

ဘေးကင်းရာသို့ ပို့ဆောင်ခြင်းလုပ်ငန်းများနှင့် ရှေးဦးသူနာပြုနည်းစနစ်များဖြင့် ကုသပေးခြင်းလုပ်ငန်းများ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဇလွန်မြို့နယ် ညောင်ကုန်းကျေးရွာ၌ ကျေးလက်ရေရရှိရေး တွင်းနက်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

ဇလွန် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ညောင်ကုန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် ညောင်ကုန်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ်လေးလက်မခွဲရှိ တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတွင်းနက်တူးဖော်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၉၅ သိန်းဖြင့် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများပူးပေါင်း၍ မေလ ပထမအပတ်မှ စတင်ကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ရာ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် တစ်နာရီ ဂါလန် ၁၅၀၀ ကျော် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မောင်နိုင်

မအူပင်မြို့အထွေထွေရောဂါကုဆေးရုံကြီး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်

မအူပင် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်း မေ ၁၄ ရက်က မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင် ဦးဆောင်မှုဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး လေ့ကျင့်သရုပ်ပြမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းများပူပေါင်း၍ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် လျှပ်စစ်ဘေးအန္တရာယ်ကြုံတွေ့ပါက ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန် ယာဉ်များထွက်ခွာမှု၊ အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ရှာဖွေကူညီကယ်ဆယ်နေမှု၊ ထိခိုက်ဒဏ်ရာရရှိသူများအား ဘေးကင်းရာသို့ ပို့ဆောင်ခြင်းလုပ်ငန်းများ၊ ရှေးဦးသူနာပြုနည်းစနစ်များဖြင့် ကုသပေးခြင်းလုပ်ငန်းများနှင့် ထိခိုက်ဒဏ်ရာရရှိမှုအဆင့်အလိုက် ဦးစားပေးအဆင့်သတ်မှတ်၍ ကုသပေးခြင်းလုပ်ငန်းများကို သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်၊ ၂၇ ရက်တို့တွင် ဖျာပုံမြို့နယ်၏တောင်ဘက် ရေမိုင် ၆၀ ခန့်အကွာနှင့် ကော့သောင်းမြို့၏ အနောက်ဘက် ရေမိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်တို့၌ မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်တရားခံအခြေပြဇယား



ဖြစ်စဉ်တွင် တရားခံ ကျား ၂၆ ဦး၊ စက်လှေ ၁ စင်း၊ သင်္ဘော ၁ စင်း၊ အိုက်စ် ၄၀၉၃ ကီလိုဂရမ်၊ ကက်တမင်း ၃၀၀၀ ကီလိုဂရမ်(ကာလတန်ဖိုးငွေကျပ် ၂၈၂ ဒသမ ၃၂၅ ဘီလီယံခန့်)အား ဖမ်းဆီးရမိခဲ့။

❖ *ကျောဖုံးမှ*

အဖွဲ့များနှင့် မူးယစ်ဂိုဏ်းများသည် ရေကြောင်း၏ အားသာချက်ကို အသုံးချကာ ရေလမ်းကြောင်းများမှတစ်ဆင့် သယ်ယူပို့ဆောင်လာသည်ကို တွေ့ရှိရသည်။

AA သောင်းကျန်းသူအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏အနောက်တောင်ဘက် ရေမိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်၌ အားမာန်သစ်စက်လှေပေါ်မှ တရားခံ သိန်းဇော်(၄၃)နှစ်၊ သက်ဦး(၅၆)နှစ်၊ အောင်မြင့်(၅၁)နှစ်၊ သိန်းဇော်(၅၆)နှစ်တို့အား ပီနံအိတ် ၃၁ အိတ်ဖြင့် ထည့်သွင်းတင်ဆောင်လာသည့် ICE ၆၁၈ ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဧပြီ ၂၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၏ အနောက်ဘက် ရေမိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်၌ ကုန်တင်သင်္ဘောပေါ်မှ တရားခံ ဆန်းလွင်(၆၅)နှစ်၊ စစိန်ငွေသိန်း(၅၄)နှစ်၊ ခန့်ဇင်သန့်(၃၈)နှစ်၊ ဖြိုးသူဝင်း(၂၄)နှစ်၊ ဥက္ကာမင်းမောင် (၂၀)နှစ်၊ အောင်သူထိုက်(၃၁)နှစ်၊ သက်ပိုင်ဦး(၂၂)နှစ်၊ မင်းခန့်ကျော်(၂၀)နှစ်၊ ဇော်လင်း (၂၂)နှစ်၊ ကျော်သူနိုင်(၃၅)နှစ်၊ အောင်သူ(၃၄)နှစ်၊ တင်ငွေး(၆၅)နှစ်တို့အား ပီနံအိတ် ၂၂၀ ဖြင့် ထည့်သွင်း တင်ဆောင်လာသည့် ICE ၃၄၇၅ ကီလိုဂရမ်၊ ကတ်တမင်း ၂၀၀၀ ကီလိုဂရမ်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးများ တင်ဆောင်ပေးခဲ့သည့်တရားခံ ချစ်ဆန်းကို(၄၄)နှစ်အား ဖျာပုံမြို့ရှိ အောင်သရဖူ KTV ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ ဧပြီ ၂၇ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချသည့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံ နေပိုင်လင်း(ခ) အောင်နိုင်ကြွယ်(၃၄)နှစ်နှင့်အတူ ကွင်းဆက်တရားခံများဖြစ်သည့် ကျော်မင်းသန်း(ခ)မောင်လုံး(၃၆)နှစ်၊ အောင်မိုးဝင်း(ခ)ဝင်းခိုင်(၄၅)နှစ်၊ ပြည့်စုံ(ခ)နွားကြီး(၃၅)နှစ်တို့အား ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် FMI အိမ်ရာ အိမ်အမှတ်(အို-၁၁၆)၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် မေ ၁ ရက် နံနက်ပိုင်းတွင် တရားခံ နေပိုင်လင်း (ခ) အောင်နိုင်ကြွယ်နှင့်အတူ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချရာတွင်ပါဝင်ခဲ့သည့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးအဖွဲ့ဝင်များဖြစ်သော ပိုင်ပိုင်ထွေး (ခ) အောင်နိုင်ထွေး(ခ)အောင်နိုင်သူ (ခ) ပိုင်ပိုင်(၂၆)နှစ်၊ နေ်ာနေ်ာ(၂၄)နှစ်နှင့် ကိုကိုဦး(၅၈)နှစ်တို့အား ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင်လည်းကောင်း၊ မေ ၆ ရက် ညနေပိုင်းတွင် ကွင်းဆက်တရားခံ ကောင်းမြတ်သူ (၂၅) နှစ်တို့အား ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၇ သို့

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အောင်သပြေလမ်း အိမ်အမှတ်(၂၀၁-ဘီ)၌ AA သောင်းကျန်းသူအဖွဲ့၏ ထောက်ပံ့ရေးဒုတိယတာဝန်ခံ နေမြင့်ထွန်း(ခ)လူကြီးနှင့်အတူ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ မှတ်တမ်းဓာတ်ပုံများ။

ကက်တမင်း ၁၀၀၀ ကီလိုဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၆၀ ဘီလီယံခန့်



ကက်တမင်း ထုပ်ပိုးမှုပုံစံ

❍ *ကျောဖုံးမှ*
ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

၁၇-၅-၂၀၂၅ ရက်နေ့မှ ၁၈-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၁၉-၅-၂၀၂၅ ရက်နေ့မှ ၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ နွေရာသီသင်တန်းဆင်းပွဲများ ပြုလုပ်

နေပြည်တော် မေ ၁၆

နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး၌ ဖွင့်လှစ်သည့်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စကားပြောသင်တန်းများ ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အောင်ငြိမ်းအေး ခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး နေအောင်စိုးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းသား ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းများအလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်သည်။ အဆိုပါ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၉၀၀ နှင့် အင်္ဂလိပ်အခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၆၁၈ ဦးတို့ဖြင့် မေ ၅ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

အလားတူ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး၌ ဖွင့်လှစ်သည့် အင်္ဂလိပ်စကားပြောသင်တန်းနှင့် ကွန်ပျူတာအခြေခံ သင်တန်းများဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ရာဇာထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ အသီးသီး ပေးအပ်ကြသည်။

အဆိုပါ အင်္ဂလိပ်စကားပြောသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၃၂ ဦးနှင့် ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၃၉၄ ဦးတို့ဖြင့် ဧပြီ ၂၈ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၁၆ မှ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မေ ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် အောင်သပြေလမ်း အိမ်အမှတ်(၂၀၁-ဘီ)၌ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး ဒုတိယတာဝန်ခံ နေမြင့်ထွန်း(ခ) ပြည့်စုံ(ခ)လူကြီး(၄၁)နှစ်အား ပီနံအိတ် ၃၂ အိတ်အတွင်း ထည့်သွင်းသိုဝှက်ထားသည့်ကက်တမင်း ၁၀၀၀ ကီလိုဂရမ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

သို့ဖြစ်၍ ဖြစ်စဉ်တွင် မူးယစ်ဆေးဝါးတရားခံ ၂၆ ဦးတို့အား ICE ၄၀၉၃ ကီလိုဂရမ် (၁ ကီလိုဂရမ်လျှင် ကျပ်သိန်း ၂၅၀ ဖြင့်)၊ ကက်တမင်း ၃၀၀၀ ကီလိုဂရမ် (၁ ကီလိုဂရမ်လျှင် ကျပ်သိန်း ၆၀၀ ဖြင့်) ကာလတန်ဖိုးငွေကျပ် ၂၈၂ ဒသမ ၃၂၅ ဘီလီယံခန့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ နေပိုင်လင်း(ခ)အောင်နိုင်ကြွယ်၏ ထွက်ဆိုချက်အရ AA သောင်းကျန်းသူအဖွဲ့အနေဖြင့် ၎င်းတို့အဖွဲ့ရပ်တည်နိုင်ရေးနှင့် လက်နက်၊ ခဲယမ်းများ ဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သော ငွေကြေးများရရှိနိုင်ရန် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်တစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ကျယ်ပြန့်စွာ လုပ်ကိုင်လျက်ရှိကြောင်း၊ ယခု ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာနေ ဖမ်းဆီးရန်ကျန်တရားခံ ကိုစိုင်း၊ ကိုတရုတ်(ခ) စိုင်းအောင်လူ တို့ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ရောင်းချခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန် တရားခံနှစ်ဦးအပါအဝင် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက်တွင် ဖျာပုံမြို့၏ အနောက်တောင်ဘက် ရေမိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်၌ မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် အိုက်စ် ၆၁၈ ကီလိုဂရမ် (ကာလတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄၅ ဘီလီယံခန့်) တင်ဆောင်ထားသည့် အားမာန်သစ်လှေနှင့်အတူ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးမှတ်တမ်းဓာတ်ပုံများ။

၂၀၂၅ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကော့သောင်းမြို့၏ အနောက်ဘက် ရေမိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်၌ မလေးရှားနိုင်ငံသို့ပို့ဆောင်မည့်အိုက်စ်၃၄၇၅ကီလိုဂရမ်၊ကက်တမင်း၂၀၀၀ကီလိုဂရမ်(ကာလတန်ဖိုးငွေကျပ် ၂၀၆ ဒသမ ၈၇၅ ဘီလီယံခန့်) တင်ဆောင်ထားသည့် ကုန်တင်သင်္ဘောကို တွေ့ရစဉ်။

မင်းလှမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၈ သိန်းခန့်အပါအဝင် အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၆

မင်းလှမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၆ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၈ သိန်းခန့် အပါအဝင် အိုက်စ်(မက်သ်အဖက်တမင်း)၊ ကက်တမင်းနှင့် စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မင်းလှမြို့နယ် ပုသိမ်-မုံရွာသွားကားလမ်း၊ ရှမ်းတဲကျေးရွာအနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မင်းလှဘက်မှ မင်းတုန်းဘက်သို့ ပြည့်ဖြိုးကျော် မောင်းနှင်ပြီး မဇင်ဇင်ဝေ(ခ)ဇင်ဇင်မာ လိုက်ပါလာသည့် X-TRAIL မော်တော်ယာဉ်နှင့် ရန်နိုင်ထွဋ် မောင်းနှင်ပြီး တင်လတ် လိုက်ပါလာသည့် SURF မော်တော်ယာဉ်တို့ကို ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ဒသမ ၈ သိန်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ပျဉ်းမနားမြို့မှ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ မနန်း(ခ)မျိုးသီရိကျော်နှင့် မျိုးဇော်အောင်တို့နှစ်ဦး၏ မူးယစ်ဆေးဝါးသယ်ဆောင်ရာ၌ အသုံးပြုခဲ့သည့် TOYOTA HILUX SURF မော်တော်ယာဉ်တစ်စီးအား ပျဉ်းမနားမြို့ ရန်အောင် (၂) ရပ်ကွက်ရှိ ၎င်းတို့၏နေအိမ်တွင် သိမ်းဆည်းရမိခဲ့ကြောင်း၊ မျိုးဇော်အောင်နှင့် မနန်း(ခ) မျိုးသီရိကျော်တို့သည် ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာရှိ အောင်နိုင်၏ နွားခြံစတိုအတွင်း ကရင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိုဝှက်ထားကြောင်း သိရှိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာရှိ အောင်နိုင်၏ နွားမွေးမြူရေးခြံသို့ ဝင်ရောက်ရှာဖွေခဲ့ရာ အောင်နိုင်နှင့် ဇော်ဝင်းတို့နှစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၇၆ ဒသမ ၁၇၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅ ကီလို၊ ကက်တမင်း ၁ ကီလိုနှင့် စိတ်ပြောင်းဆေးဝါးများရောစပ်ထားသည့် Happy Water ၂ ဒသမ ၉၁၅ ကီလိုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသတန်ဖိုးငွေကျပ်၁၆ ဒသမ၂ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ဒသမ ၉ သိန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅ ကီလို၊

မင်းလှမြို့နယ်တွင် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ပြစ်မှုကျူးလွန်သူများကို တွေ့ရစဉ်။

မင်းလှမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့တွင် မူးယစ်ဆေးဝါးသယ်ဆောင်သည့် ဂိုဏ်းအဖွဲ့အား ငွေကျပ် ၁၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ဒသမ ၉ သိန်းကျော် အိုက်စ်(မက်သ်အဖက်တမင်း) ၅ ကီလို၊ ကက်တမင်း ၁ ကီလိုနှင့် Happy Water ၂ ဒသမ ၉၁၅ ကီလို ဖမ်းဆီးရမိမှု။



ပျဉ်းမနားမြို့နယ်တွင် သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ ပြစ်မှုကျူးလွန်သူများကို တွေ့ရစဉ်။

ကက်တမင်း ၁ ကီလိုနှင့် စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသည့် Happy Water ၂ ဒသမ ၉၁၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် မေ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ တင်ဆောင်ပေးသူ ထွန်းလင်း(ခ) ရှမ်းကုလားအား ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ မျိုးဇော်အောင်နှင့် မနန်း(ခ) မျိုးသီရိကျော်တို့သည် ရှမ်းပြည်နယ်မှ သယ်ဆောင်လာသော မူးယစ်ဆေးဝါးများကို ပျဉ်းမနားမြို့နယ်မှတစ်ဆင့် မင်းတုန်းမြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ရာတွင် တင်လတ်(ခ) စောတင်လတ်မှ တာဝန်ခံ၍ ပြည့်ဖြိုး(ခ) ရန်နိုင်ထွဋ်၊ မဇင်ဇင်ဝေ(ခ) ဇင်ဇင်မာ တို့နှင့်အတူ သယ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကရင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများအား ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာရှိ အောင်နိုင်၏နွားခြံတွင် သိုဝှက်ထားရှိကြောင်း သိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Zaw Yu Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်မျိုးအောင်ရပ်ကွက်နေ ဇော်ယုထွန်း အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Kyawt Kyawt (Melmady)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သင်္ကောကျေးရွာနေ ကျော့အိထွန်း အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျော့ဖုံးမှ

ဖိအားပေးနေသည့် ပြိုင်ဘက်ရီးရဲမက်ဒရစ်အသင်းကို ၇ မှတ်ဖြတ်ကာ အသင်းသမိုင်းတစ်လျှောက် (၂၈) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

တန်းဆင်းဇုန် ဖိအားရှိပြီး ရှုံးပွဲဆက်မှုကို ချေဖျက်ရန် ခြေကုန်ထုတ်သော အက်စ်ပန်ညိုအသင်းသည် ဘာစီလိုနာအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်း လိုအပ်ချက် ရှိနေသည့်အတွက် လေးပွဲဆက်ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ အဆိုပါပွဲစဉ်တွင် ဘာစီလိုနာအသင်းမှ လူငယ်ကစားသမား ယာမဲလ်ခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည်။

ပွဲကစားချိန် မိနစ် ၈၀ တွင် အက်စ်ပန်ညိုအသင်းမှ ခံစစ်ကစားသမား ကာဘရီရာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ အက်စ်ပန်ညိုအသင်းသည် လာလီဂါပွဲစဉ် (၃၆) အပြီးတွင် ရမှတ် ၃၉ မှတ်ဖြင့် တန်းဆင်းဇုန်အထက်တွင် ရပ်တည်နေသည်။

အခြားပွဲစဉ်အဖြစ် ဂီတာဖေးနှင့် ဘီလ်ဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဘီလ်ဘာအိုအသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၈၅ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး အီသီယိုးပီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မေ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အီသီယိုးပီးယားနိုင်ငံသား ၇၈ ဦးနှင့် လိုက်ဘေးရီးယား နိုင်ငံသားခုနစ်ဦးတို့အား မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အီသီယိုးပီးယား နိုင်ငံသားတစ်ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ လိုက်ဘေးရီးယားသမ္မတနိုင်ငံသံရုံး First Secretary Mr. Moses Barclay နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-ကျောက်ခတ်နယ်မြေသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့သည့် အီသီယိုးပီးယားနိုင်ငံသားတစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၇၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၁၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်း လောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် စကုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် မန်းရေနံမြေအတွင်း၌ တရားမဝင် ရေနံစိမ်းရှစ်ဂါလန်နှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၀၀၀) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ လည်းကောင်း၊ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၄၁၆ တန်နှင့် ဆက်စပ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၇၈၈) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၇၇၈၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၅၉၂၂၆၃) ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၉၁၄၉၂၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၄၄၅၂၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၁၅၂၃၈၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ တလိုင်းစုရပ်ကွက် တလိုင်းစု (၃) လမ်းရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၅၆၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၈၀၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၈၀၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၀၆၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck နှစ်စီး၊ Sunlong Bus တစ်စီး၊ Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၆၈ တန်၊ အခြားသစ် ၄၅ ဒသမ ၈၁၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၃၀၅၂၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၃၃၆၅၂၀ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့ ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၃၄၈၆၆၉၁) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် HSE/5805 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

မွေးသက္ကရာဇ်အမှန်

ဦးသန့်ဇော်၏ သမီး မိုင်းဖြတ်မြို့၊ ဝမ်မိုင်ရပ်ကွက်နေ မရတီဖူးပြည့်စုံ ၁၃/မဖန(နိုင်) ၀၃၇၁၆၈၏ မွေးသက္ကရာဇ် အမှန်မှာ (၂၄-၉-၂၀၀၈) ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1W/32869, Honda C-90 ယာဉ်အမည်ပေါက်သူ ဦးစံငွေ(၁၃/တကန(နိုင်) ၀၄၈၇၁၂) က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8W/12157, Jialing ယာဉ်လက်ဝယ်ရှိသူ ဦးလန်ဆွင်းထန် ၄/တတန(နိုင်)၀၃၄၄၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကလေးမြို့)

အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဘောနက်ကြီးစံပြကျေးရွာ၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်ဝင်းဝင်းခိုင်(ဘ) ဦးကျော်မြင့် ၇/ပခန(နိုင်)၂၉၀၅၅၄၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးရှိုင်းအာကာအောင် ၁၂/လကန(နိုင်)၁၉၃၆၉၂တို့သည် (၂၂-၆-၂၀၁၃)ခုနှစ်ကတည်း က အကြင်လင်မယားအဖြစ် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ပေါင်းသင်းခဲ့ရာ သား မောင်သုတအောင်အား မွေးဖွားခဲ့ပြီးယနေ့တိုင် လင်မယားအဖြစ် တရားဝင်ကွာရှင်းခြင်း ပစ္စည်းတစ်စုံတစ်ရာခွဲဝေခြင်းများ မပြုလုပ်ခဲ့ရသေးပါ။

ထိုသို့ပေါင်းသင်းနေရာမှ(၁၈-၉-၂၀၂၄)ရက်တွင် ကျွန်မ၏ခင်ပွန်းနှင့် ၄င်းမိဘဆွေမျိုးများမှ အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ကျွန်မအား အိမ်ပေါ်မှနှင်ချ၍ အောက်ပစ္စည်းဇယားပါ နေအိမ်ခြံပေါ်မှ အသက်အန္တရာယ်စိုးရိမ်လာရ၍ လူလုံးချည်းသက်သက်သားကိုပင် ခေါ်ဆောင်ခွင့်မရဘဲ အိမ်ပေါ်မှဆင်းခဲ့ရပါသည်။ ထိုသို့ဆင်းခဲ့ရပြီးကျွန်ုပ်၏အမှုသည်မှ ၄င်းကိုယ်ပိုင်ပစ္စည်းများ၊ အဖိုးတန်စာရွက်စာတမ်းများ၊ ၄င်းကိုယ်ပိုင်နှင့်အပ်နှံခံထားရသည့်ငွေသား၊ ရွှေထည်၊ အရောင်းအဝယ်ပြုလုပ်စဲအထည် အသစ်များ အားလုံးစုစုပေါင်းကာလ တန်ဖိုးငွေ(၂၅၀)သိန်းကျပ်ခန့်နှင့် အောက်ပစ္စည်းဇယားပါ နှစ်ဦးဖြစ်ထွန်းသော ပစ္စည်းများယူဆောင်ခွင့်မရဘဲ ကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည်မှ ၄င်းကိုယ်ပိုင်ပစ္စည်းများနှင့်အပ်နှံခံထားရသော ပစ္စည်းများအားလုံးကိုယူဆောင်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း မည်သည့်ပစ္စည်းမှ ယူဆောင်ခွင့်မရစေရန် ခင်ပွန်းဘက်မှ ဟန့်တားနှောင့်ယှက်လာသည့်အပြင် အိမ်ခြံအား သော့ခတ်ပိတ်ဆို့ထားသည်အထိ ယခုအခါကျွန်ုပ်၏အမှုသည်ဝင်ထွက်၍ မရတော့အောင် ပိတ်ဆို့ခံခဲ့ရကြောင်းနှင့် ၄င်း၏တစ်ဦးတည်းသောသား မောင်သုတအောင်နှင့်လည်း တွေ့ဆုံခွင့်လုံးဝမပြုတော့ကြောင်း ကျွန်ုပ်၏အမှုသည်မှ ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်၏ ကိုယ်ပိုင်ပစ္စည်းများနှင့် အပ်နှံခံထားရသော ပစ္စည်းများအား အလွဲသုံးစားမပြုလုပ်ကြပါရန်နှင့် လင်မယားပေါင်းသင်းစဉ်ဖြစ်ထွန်းခဲ့သော အောက်ပစ္စည်းစာရင်းများအားလုံးနှင့် စပ်လျဉ်း၍ ကျွန်ုပ်အမှုသည်၏စာဖြင့် အတိအလင်းခွင့်ပြုချက်၊ သဘောတူညီချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်း စသည့်တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်ခွင့် မရှိပါကြောင်းနှင့် အကယ်၍ပြုလုပ်ခဲ့ပါက မိမိတို့၏တာဝန်သာဖြစ်ကြောင်းတည်ဆဲဥပဒေနှင့်အညီဆောင်ရွက်အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပစ္စည်းစာရင်း

၁။ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ သီတာအေးတိုးချဲ့(၂)လမ်းရှိ အနံ(၂၇)ပေ X အလျား(၆၀)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်ပေါ် ဆောက်လုပ်ထားသော အဆိုပါအိမ်ခြံအတွင်းပါအကျိုးခံစားခွင့်များ၊

၂။ အဆိုပါအိမ်ခြံအတွင်းရှိ ဧမ်ခံပစ္စည်းမျိုးစုံ၊ ပရိဘောဂပစ္စည်းအစုံ၊ Samsaung အဝတ်လျှော်စက်တစ်လုံး၊ ရေခဲသေတ္တာတစ်လုံး၊ TV အပေါ်စက်အောက်စက်တစ်စုံ၊

၃။ Dream -125 AYY/26849 လိုင်စင်စာအုပ်အပါ၊ အပြာရောင်ဆိုင်ကယ်တစ်စီး၊ Dream အနက် ရောင်ဆိုင်ကယ်တစ်စီး။

၄။ ခွေးဘီလူး အဖြူရောင်တစ်စီး စသည့်တို့ ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သဇင်မျိုးထွန်းလွင်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၅၉)
အမှတ်(၄၆-B)၊ ခပေါင်း(၁)လမ်း၊ မင်းကြီးညို၊ တောင်ငူမြို့၊
ဖုန်း-၀၉-၄၂၈၁၂၆၂၇၈

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ မခိုင်သဇင်စိုး (၁၃/ပတယ(နိုင်)၀၆၅၄၃၆) ၏ မိခင်ဖြစ်သူ အမည်မှာ ဆယ်တန်းအောင်လက်မှတ်တွင် ဒေါ်ကြည်ဆွေဟု လည်းကောင်း အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) တွင် ဒေါ်ကြည်ရွှေ ဟုလည်းကောင်း အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/ အကွက်အမှတ် RA - VI / ကွက်ပြင် - ၆၊ ဦးပိုင်အမှတ် (၆ - က / ၁၅၄)၊ မြေဧရိယာ (၀.၁၉၆) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း လျှောက်ထားနိုင်ရေး ဦးစိုးမြင့် ၉/ခအဇ(နိုင်) ၀၀၅၆၅၈) မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် /မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ သုခလမ်း၊ မြေကွက်အမှတ် (၁၆)၊ အကျယ်အဝန်း (၄၂ပေ × ၆၀ပေ)ရှိ ဦးစိန်ဖေ (၁၂/မရက(နိုင်) ၀၁၅၅၅၈) (**RRE**-၀၅၄၁၁၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစိန်ဖေ ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	**ဦးကျော်စိုးဦး**
LL.B, D.B.L, D.I.L.,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၁၃၈၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်သန်းသန်းဆွေ (၁၂/ကတတ (နိုင်) ၀၀၂၇၇၅) (**MME**- ၅၇၆၃၈၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းဆွေ ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	**ဒေါ်လင်းလင်းထက်**
LL.B, D.B.L, D.I.L.,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃

ဦးသန်းလွင်	နှင့်	ဦးလှရွှေ
တရားလို		တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ မိုးမခလမ်း အမှတ်-(၉၈၆)နေ တရားပြိုင်ဦးလှရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက " ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန် လ ၁၀ ရက်(၁၃၈၇ ခုနှစ်၊ နယုန်လပြည့်)နေ့ မွန်းမတည့်မီ နံနက် ၉:၃၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်း များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သီတာနွယ်)
ခရိုင်တရားသူကြီး
ဒဂုံမြို့သစ်ခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော် မောင်မျိုးဆန်းမင်း (၁၃/ပတယ(နိုင်)၀၇၂၅၇၇) ၏ ဖခင်ဖြစ်သူ အမည်မှာ ဆယ်တန်းအောင်လက်မှတ်၊ ယာယီဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်တွင် ဦးကံမောင် ဟု လည်းကောင်း အိမ်ထောင်စုလူဦးရေ စာရင်း ပုံစံ(၆၆/၆) တွင် ဦးကံပေးဟု လည်းကောင်း အမည်နှစ်မျိုးကွဲလွဲ နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ မြေပဲတန်းရပ်ကွက်နေ (ဘ) ဦးတိုးတိုး၏သား မောင်တိုးဝင်းသူ (၉/အမရ(နိုင်) ၁၇၉၆၅၉)၏မွေးသက္ကရာဇ်အမှန်မှာ (၁၈-၅-၂၀၀၅)ဖြစ်ပါကြောင်း။

မောင်တိုးဝင်းသူ

CNG
စာအုပ်ပျောက်ဆုံးကြောင်း

ဒေါ်မိုးမိုးဝင်း ၁၂/အစန(နိုင်) ၀၄၇၄၁၃၏ AA-၆၂၅၆၏ CNG စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၈၀၄၃၂၂**

မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ အုတ်ဖို(၁)ရပ်ကွက်၊ ရှမ်းစုလမ်းနေ (ဦးသိန်းလှိုင်) - ဒေါ်ညိုညိုတင် တို့၏မွေးစားသမီး- မစုအိအိသိန်း ၁၂/ရပသ(နိုင်)၀၈၂၁၂၉ သည်မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲအကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များပြုလုပ်နေသောကြောင့် မွေးစားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် သူမနှင့်ပတ်သက်ဆက်နွယ် သောလူမှုရေး၊ ငွေရေးကြေးရေးနှင့် အခြားမည်သည့်ကိစ္စအဝဝ မှန်သမျှ အားလုံးကိုတာဝန်ယူ ဖြေရှင်းပေးတော့မည်မဟုတ်တော့ပါကြောင်းမစုအိအိသိန်းနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

မိဘ
ဒေါ်ညိုညိုတင်
၁၂/မဘန(နိုင်)၀၁၇၃၃၉

၂၀၂၅ ခုနှစ်၊ မေလ (၁၄)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဒေါ်မြိုင်၊ ၉/ဝတန(နိုင်)၁၁၇၅၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမျိုးမြင့်အောင် (စဉ်-၁၀၁၈၅)၊ တရားလွှတ်တော်ရှေ့နေ၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် တုန့်ပြန်ရှင်းလင်းခြင်းနှင့် ထပ်လောင်းအသိပေးကြေညာချက်”

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ စက်တန်းရပ်တွင် နေထိုင်သူ ဦးအောင်မြင့်ဟန်၊၈/နမန(နိုင်)၁၅၈၂၇၅၏တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ **"၂၀၂၅ခုနှစ်၊ မေလ(၁၄)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဒေါ်မြိုင် ၉/ဝတန(နိုင်)၁၁၇၅၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမျိုးမြင့်အောင် (စဉ်-၁၀၁၈၅)၊ တရားလွှတ်တော်ရှေ့နေ၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် တုန့်ပြန်ရှင်းလင်းခြင်းနှင့် ထပ်လောင်း အသိပေးကြေညာချက်"** ပြုအပ်သည်မှာ-

၁။ မိတ္ထီလာမြို့၊ သီးကုန်းအုပ်စု၊ ကွင်းအမှတ် (၁၇၉/ အုံးမှင်ကျောင်း)၊ ဦးပိုင်အမှတ် (၂၄/ခ)၊ မြေကွက်အမှတ် (၄၀)၊ ဧရိယာ (၀.၉၃)ကေအကျယ်ရှိ ဒေါ်ဝေဝေသိန်း အမည်ပေါက် ယာမြေကွက်သည် မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ဝေဝေသိန်းထံမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူခဲ့သူ ဒေါ်ညွှန့်ညွှန့်စိုး ကိုယ်တိုင်လွန်ခဲ့သော (၂၀၂၀) ပြည့်နှစ်ကတည်းက ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်မြင့်ဟန် တစ်ဦးတည်းထံသို့ ဒေါ်ဝေဝေသိန်း အမည်ပေါက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇)မူရင်းနှင့်အတူ ဆက်စပ်စာချုပ်စာတမ်းများအပါအဝင် ယာမြေကွက်အား အပြီးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချခဲ့သည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးအောင်မြင့်ဟန် တစ်ဦးတည်းမှသာ လက်ဝယ်ထားအကျိုးခံစားလျက်ရှိသော မြေကွက်ဖြစ်ပါကြောင်း ညွှန်ကြားချက်အရ တုန့်ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

၂။ ၂၀၂၅ ခုနှစ်၊ မေလ (၁၄)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြေညာချက်ပြုသူ ဒေါ်မြိုင်နှင့် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခဲ့သူ တရားလွှတ်တော်ရှေ့နေ ဦးမျိုးမြင့်အောင် (စဉ်-၁၀၁၈၅)တို့အား ထပ်လောင်းသိစေအပ်သည်မှာ ဒေါ်ဝေဝေသိန်း အမည်ပေါက် မြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်ဟန်၏ တရားဝင် ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဒေါ်ဝေဝေသိန်း အမည်ပေါက်မြေကွက်ပေါ်တွင် ဝင်ရောက်ထွန်ယက် စိုက်ပျိုးလုပ်ကိုင်ခြင်း၊ ခြစည်းရိုးကာရံခြင်းအပါအဝင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းလွှဲပြောင်း ပေးအပ်ခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ မလွှဲမရှောင်သာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အတိအလင်းထပ်လောင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးအောင်မြင့်ဟန်	**ဦးခိုင်ထူး အထက်တန်းရှေ့နေ(စဉ်-၄၄၇၇၀)**
၈/နမန(နိုင်)၁၅၈၂၇၅	**အမှတ် (၂၃၂)၊ ကံ့ကော်လမ်း၊**
စက်တန်းရပ်ကွက်၊ မိတ္ထီလာမြို့	**လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
	ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၄၄၄၇၇၈၀၆၆

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မကွေးမြို့နယ်တရားရုံးတော်
၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈

ဒေါက်တာသန့်ဇင်	နှင့်	ဒေါ်ခင်စိန်
တရားလို		**တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၁၂၁)နေတရားပြိုင် ဒေါ်ခင်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါက်တာသန့်ဇင်က ပဋိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂၆ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြတ်သူ)
မြို့နယ်တရားသူကြီး
မကွေးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မကွေးမြို့နယ်တရားရုံးတော်
၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂

ဦးသက်ဝေယံလင်း	နှင့်	ဦးမြင့်မောင်
တရားလို		**တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၅၇)နေ တရားပြိုင်ဦးမြင့်မောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသက်ဝေယံလင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၂၆ ရက် (၁၃၈၆ခုနှစ်၊ ကဆုန်လဆုတ် ၁၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြတ်သူ)
မြို့နယ်တရားသူကြီး
မကွေးမြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမျိုးမင်းအောင်-ဒေါ်အိအိစိုး တို့၏သမီး၊ ပဲခူးတက္ကသိုလ် ဂုဏ်ထူးတန်း ဒုတိယနှစ်မှ မမျိုးသန့်ခင်(ခ)မမေဇင်ဖူးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

မမျိုးသန့်ခင်(ခ)မမေဇင်ဖူး

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက်တန်းကျောင်း (သဲတော) Grade-5 ၌ ပညာသင်ကြားနေသော မောင်သန့်ဇင်ဟိန်း၏ ဖခင် ဦးမောင်မောင်သန်း (ခ) ဦးသန်း ၉/ဝတန(နိုင်)၁၂၆၄၁၉ မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

ဦးမောင်မောင်သန်း(ခ) ဦးသန်း

ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ဒဟတ္တောရွာနေ ဦးရွှေအောင်၏သမီး မသိမ့်သိမ့်ဝေ ၅/ကနန(နိုင်)၀၆၀၄၁၃၏ နိုင်ငံကူးလက်မှတ် နံပါတ် MA-007233 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၉၄၁၂၅၄၀၆၅

မှတ်ပုံတင်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဒေါ်ယဉ်နွယ်အောင်၊ ဒုတိယဦးစီးမှူး၏ မှတ်ပုံတင်အမှန်မှာ ၅/ဆလက (နိုင်)၀၄၆၂၈၀ ဖြစ်ပါကြောင်း။

ဒေါ်ယဉ်နွယ်အောင်
၅/ဆလက(နိုင်)၀၄၆၂၈၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/89582 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၅/ကဘလ(နိုင်)၀၉၀၁၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)
ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4724, Hino XZU344 ယာဉ်လက်ဝယ်ရှိသူ ဦးလင်းအောင် ၉/နထက(နိုင်)၁၄၆၉၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

•117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထိ ကံစမ်းလို့ရပါပြီ။

အမည်ပြောင်း

ဒိုက်ဦးမြို့နယ်၊ မအူတန်း ကျေးရွာအုပ်စု၊ အေးသုခ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade-2 တွင် တက်ရောက်ပညာသင်ကြားမည့် (အဘ)ဦးခင်မောင်ထွေး ၁၄/ဖပန(နိုင်)၁၃၆၉၇၈၏ သမီး မအိမ့်မြတ်မှူးခိုင်အား မအိမ်သဒ္ဒါချစ်ဟု ပြောင်းလဲခေါ်ပါရန်။

မအိမ်သဒ္ဒါချစ်

မွေးသက္ကရာဇ်အမှန်

ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက်နေ ဦးထင်ဆိုင်း ၁/ပတအ(နိုင်)၀၁၆၉၇၄ နှင့် ဒေါ်တန်ရှင်နန်ဆားရ်တို့၏သား မောင်ဒရန်ဒီးငူရ်၏ မွေးသက္ကရာဇ်အမည်မှန်မှာ အိမ်ထောင်စုလက်မှတ်အရ ၂၀-၆-၂၀၀၉ ဖြစ်ကြောင်း။

အမည်နှင့် မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ညောင်တုံးအိုင်အုပ်စု၊ တရော်ပင်အင်းကျေးရွာနေ(ဘ)ဦးပုငယ်၏သမီးဖြစ်သူ မသင်းသင်းမာ ၉/တကန(နိုင်) ၂၀၈၈၅၈ ၏ အမည်မှန်မှာ မသင်းသင်းမာ နှင့်မွေးသက္ကရာဇ်အမှန်မှာ (ဆုတ် ၈-၁၀-၁၃၅၀/၂၉-၁ -၁၉၈၉)ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်- ဦးဝင်းရွှေ ၆/မအရ(နိုင်)၀၃၉၆၂၃၏ ဒုတိယတန်းစက်ခန်းအုပ် လက်မှတ်အမှတ် CED-II 0314/22-23 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၁၉၅၆၈၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း၊ ပိတောက်ရိပ်သာ(၂)မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၁၉၁)၊ မြေအကျယ်(၁၁၆၂၅)စတုရန်းပေအကျယ်ရှိ မြေငှားပါမစ် မြေကွက်အား စေတနာတရားဝင်လိမ်တစ်မှ ၎င်းသာလျှင်တရားဝင်အမည်ပေါက်လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိသည်ဟု အဆိုပြုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ကိုပေးချေထားပြီး ဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ကန့်ကွက်လိုသူများရှိကကျွန်ုပ်တို့ထံသို့တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာသည့် နေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ယင်းနေ့ကျော်လွန်က အရောင်း အဝယ် ကိုဥပဒေနှင့် အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြော်ငြာ အပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မင်းထိုက် LL.B, D.B.L. — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၄၈)

ဒေါ်နှင်းဝတ်ရည် LL.B — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၆၀)

အမှတ်(၃၇၄/က)၊စိုးနေအိမ်(၁)လမ်း၊ (၄၈)ရပ်ကွက်၊အင်းမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း - ၀၉၂၅၃၃၅၉၁၂၂၊ ၀၉၄၂၁၇၃၇၄၃၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၃၀/စီ)၊ မြေကွက်အမှတ်(၂၆)၊ ဧရိယာ(၁.၃၉၇)ဧက၊အလျား(၁၇၉ပေ/၁၇၇ပေXအနံ ၃၃၈ပေ/၃၄၆ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့်ယင်းမြေကွက်ပေါ်တွင်တည်ရှိသော အမှတ်(၂၆)၊ ငုဝါလမ်း၊ ရွှေနံ့သာဘားလား သစ်ခွစိုက်ပျိုးထုတ်လုပ်ရေးဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် အဆောက်အအုံဟောင်းတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဒေါ်အုန်းကြင် ၁၂/ဗဟန(နိုင်)၀၀၇၄၇၆ ထံမှ စာချုပ်အဆက်စပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်စိုးနုမော် ၁၂/ဥကမ (နိုင်)၂၁၇၉၂၈ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေပြီး ဖြစ်သဖြင့်ကန့်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)

B.A(LAW) LLB (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.

WIPO, DL (101), (201), (317) Switzerland(Geneva).

အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့(၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၁၂၀၆၊ ၀၉-၉၇၄၇၃၅၆၈၆

အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ မြေကွက်အမှတ်(၁၂၈)၊ အလျား(၈၀) x အနံ (၆၀)ပေ အကျယ်အဝန်းရှိ အရှေ့လားသော်-(၁၈)လမ်း၊ မြေကွက်အမှတ် (၁၂၆)၊ အနောက်လားသော်- (၁၈)လမ်း၊ မြေကွက်အမှတ် (၁၃၀)၊ တောင်လားသော်- သစ္စာလမ်း၊ မြေကွက်အမှတ် (၉၇) မြောက်လားသော်- (၁၈)လမ်း စသည့်နယ်လေးရပ်အတွင်းရှိ မြေကွက်အား ၂၀၂၅-ခုနှစ်၊ မေလ (၁၂)ရက်က မုံရွာမြို့၊ ချမ်းမြဝတီ ရပ်ကွက်တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးသက်ဦး (၅/ကနန (နိုင်) ၀၅၁၅၁၄)သည် မုံရွာမြို့၊ ကွေ့ကြီး ရပ်ကွက်တွင် နေထိုင်သူ ဒေါ်ယဉ်ယဉ်အောင် (၅/မရန(နိုင်)၃၁၅၁၇၆) ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် လက်ထိလက်ရောက် အပြီးအပိုင်ဝယ် ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်ကို ဥပဒေနှင့်အညီ တရားဝင် ပိုင်ဆိုင်ခွင့်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇေမြတ်နိုး (LLB,Advocate) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၀၈)

နယ်မြေ(၁)၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း၀၉-၉၆၁၃၆၇၇၈၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ ရွှေနှင်းဆီ(၁)လမ်း၊ မြေကွက်အမှတ် (၁၃၅၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးတင့်လွင် (၁၂/တမန (နိုင်) ၀၅၄၂၁၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၃၅၁)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နွယ်ထွေး (၁၂/အစန (နိုင်) ၂၂၆၃၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည့်ဖြိုးအောင် LL.B, အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သောင်ကြီးမြောက်၊ (၁၁)ရပ်ကွက်၊ မြမာလာလမ်း၊ မြေကွက်အမှတ်(၂၇၂/ခ)ဟုခေါ်တွင်သော (၂၀x၆၀)ပေအကျယ်အဝန်းရှိသော ရန်ကုန်မြို့ ဆောက်လုပ် ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဖောစေးအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသော (၁၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ၁၊ ဒေါ်မြင့်မြင့်စန်း၊ ၂။ ဒေါ်ပြုံးပြုံးဇင်၊ ၃။ ဒေါ်အေးအေးမော်၊ ၄။ ဒေါ်စန္ဒာအောင်၊ ၅။ ဒေါ်ငုဝါအောင်၊ ၆။ ဦးသန်းထိုက်အောင်၊ ၇။ ဦးစိုးလင်းအောင်၊ ၈။ ဦးသူရအောင်၊ ၉။ ဦးလွင်မျိုးအောင်တို့ထံမှ (၁၈-၁-၂၀၁၉)ရက်တွင် အပြီးအပိုင်လွှဲပြောင်းခြင်းကတိစာချုပ်"ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေက အရှုပ်အရှင်းကင်းစွာ တရားဝင်လက်ရှိ ပိုင်ဆိုင်သွားပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာသင်း ၁၂/လမတ(နိုင်)၀၁၂၀၆၈၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စုစုလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၀၇)

ဖုန်း-၀၉-၇၆၀၆၆၆၆၀၄၊ ၀၉-၆၉၈၈၅၃၆၀၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၂၄၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၀/ရမန(နိုင်)၂၀၁၃၂၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၂၂၀၉၄ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဝင်း ၆/ဘပန(နိုင်)၀၃၉၅၉၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၄၇၄၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းထွန်း ၇/ပတန(နိုင်)၀၈၉၈၁၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁၀(က) ကန်ကြီးကွင်း၊ ဦးပိုင်အမှတ် (၁၂၇)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၃၄၄/၂၀၁၀-၂၀၁၁ အရ ဒေါ်ထွန်းမြပါ(၅)ဦး တို့အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့အနက် ဒေါ်ထွန်းမြကွယ်လွန်ခဲ့သဖြင့် ဒေါ်ကြည်ကြည်လွင်ပါ(၄)ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွက်ဟကြေညာစာချုပ်အမှတ်(၃၂/၂၀၂၅)ဖြင့် မွက်ဟကြေညာခဲ့ပြီး ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၇၃/၂၀၂၅)ဖြင့် ဦးမြင့်လွင်၊ ဒေါ်စန်းစန်းမြင့်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးမြင့်လွင် ၆/ကစန(နိုင်)၀၉၃၁၁၈ ဒေါ်စန်းစန်းမြင့်၊ ၆/မအန(နိုင်)၀၀၀၀၄၁ တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လီတွော်အရာရှိ

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြိတ်မြို့

ကန့်ကွက်နိုင်ပါကြောင်း

